မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျောက်ဆည်–ရဲရွာ–ပြင်ဦးလွင်လမ်း၌ ဒုဋ္ဌဝတီတံတား တည်ဆောက်လျက်ရှိ

အရှည်ပေ (၄၈၀)နှင့် ယာဉ်သွားလမ်း အကျယ်(၂၄)ပေရှိမည်

နေပြည်တော် မေ ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၁၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်–မန္တလေး အမြန်လမ်းမှတစ်ဆင့် ကျောက်ဆည်–တံတားဦး လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မိုင်တိုင်အမှတ် (၇/၅)၌ ကတ္တရာလမ်းအား စမုံမြစ်ရေတိုက်စားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့မှ ကျောက်ဆည်–ရဲရွာ–ပြင်ဦးလွင်–မိုးကုတ်ကားလမ်း (ကျောက်ဆည်–ဖျောက်ဆိပ်ပင်–ရဲရွာလမ်းအပိုင်း) လမ်းတစ်လျှောက် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းနှင့် ကျောက်စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



သဘာဝစွမ်းအင် ဖြည့်တင်းရန် လိုအပ်လာသော ဂျာမနီ။ (စာ–၅)

အီတလီစီးရီးအေပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဗီအိုရင်းတီးနားနှင့် ဘိုလော့နာ သရေကျ။ (စာ–၁၁)

ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအနီးရှိ Switchyard ကို ဤသို့ တွေ့ရသည်။

နိုင်ငံ့ဂုဏ်ဆောင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

သတင်းဆောင်းပါး ➢ တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း ➢ ကိုထွေး

နေပြည်တော် မေ ၁၅

ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ၁၅–၁၂–၂၀၁၀ ရက်၌ ကျင်းပခဲ့ရာ တက်ရောက်သတင်းယူခွင့်ရရှိခဲ့သည်။

ထုတ်လုပ်ပေးနိုင်

ယခုအခါ စက်ရုံ၏ စက်တပ်ဆင်အင်အား ၇၉၀ မဂ္ဂါဝပ်ကို အပြည့်အဝထုတ်လုပ်ပေးနိုင်နေပြီဖြစ်သည်။ စက်ရုံတည်ဆောက်နေစဉ်ကာလမြင်ကွင်းနှင့်အတူ စက်ရုံဖွင့်ပွဲနေ့က မြင်ကွင်းများကို စာရေးသူ ပြန်လည်မြင်ယောင်နေမိသည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ တည်ဆောက်ရေးကာလအတွင်း အကြိမ်ကြိမ်ရောက်ဖြစ်ခဲ့ရာ ရောက်ဖြစ်တိုင်း စိတ်လှုပ်ရှား ကြည်နူးမိရသည်။ တည်ဆောက်ရေးကာလက လုပ်ငန်းခွင်၌ စက်ယန္တရားကြီးများဖြင့် ကာယ၊ ဉာဏဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဓာတ်အားပေးစက်ရုံအပါအဝင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အပေါ်စီးမှ ဤသို့ တွေ့ရသည်။

16-5 (01).pmd 1 5/16/2011, 2:36 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် မေ ၁၆ ရက်)

သစ်တော၊ သစ်ပင်များ ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်း

"သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ" ဆိုစကားအရ သစ်ပင်စိုက်ခြင်းသည် စိတ်ကို လန်းဆန်းတက်ကြွစေသည်။ သစ်တော၊ သစ်ပင်သည် သဘာဝပတ်ဝန်းကျင်ကို အေးမြသာယာပြီး စိမ်းလန်းစိုပြည်စေသည်။

သစ်တော၊ သစ်ပင်သည် သဘာဝရာသီဥတုကို ပြုပြင်ပြောင်းလဲစေသဖြင့် သစ်တောသစ်ပင် ပြုန်းတီးလျှင် ရာသီဥတုလွန်ကဲပြီး ပူလွန်းခြင်း၊ အေးလွန်းခြင်းများဖြစ်ပေါ်၍ စိုက်ပျိုးရေးအတွက် အခက်အခဲကြုံတွေ့နိုင်သည်။

သစ်တော၊ သစ်ပင်များ မပြုန်းတီးရန်အတွက် သစ်တောဝန်ထမ်းများသာမက တိုင်းရင်းသားပြည်သူများသည်လည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ ယခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ်အဖြစ် ကုလသမဂ္ဂက သတ်မှတ်ထားရာ အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ်အဖြစ်ပြုလုပ်သော ကုလသမဂ္ဂ သစ်တောညီလာခံက ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက်(၄)ရပ်ချမှတ်ခဲ့ပြီး ၄င်းတို့အနက် သစ်တောများအား ထာဝစဉ် တည်တံ့စေသော စီမံအုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရန်ဟူသော ရည်ရွယ်ချက်တစ်ချက်ပါရှိသည်။

မြန်မာနိုင်ငံ၌ သစ်တောအုပ်ချုပ်မှုစနစ် စီမံကိန်းများရေးဆွဲဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက် ဖြည့်ဆည်းပေးရေးကို သစ်တောမူဝါဒတွင် ထည့်သွင်းရေးဆွဲခြင်း၊ သစ်တောထွက်ပစ္စည်းထုတ်ယူသုံးစွဲမှုနှင့် သစ်တောများရေရှည်တည်တံ့စေရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ခြင်း၊ သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် သစ်တောစိုက်ခင်း တည်ဆောက်ရေး အားပေးအကောင်အထည်ဖော်ခြင်းစသည်တို့ကို အလေးထားဖော်ဆောင်လျက်ရှိသည်။

သစ်တော၊ သစ်ပင်များကို ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းများ တိုးချဲ့ခြင်းတို့သည် လူသားတို့လိုအပ်လျက်ရှိသည့် အသုံးအဆောင်ပစ္စည်းများကို ရရှိစေသည့်အပြင် စားရေးအတွက် သီးနှံရရှိခြင်း၊ နေရေးအတွက် သစ်ရရှိခြင်း၊ လူသားတို့ကို အရိပ်အာဝါသပေးခြင်း စသည့် အကျိုးကျေးဇူးများ ပြုလျက်ရှိသည်။

သို့ဖြစ်ရာ လူသားများ၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် အရေးပါသော သစ်တော၊ သစ်ပင်များ ရေရှည်တည်တံ့ရေးကို တိုင်းရင်းသားပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

သစ်အခြေခံ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး
နှီးနှောဖလှယ်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၅

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ပြည်ပသို့ သစ်အချောထည်ပစ္စည်းများ တင်ပို့ခြင်းအပေါ် အဆင်ပြေချောမွေ့စေရန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ နှီးနှောဖလှယ်ပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (I.B.C) ၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

မေးမြန်းဆွေးနွေး

ထို့နောက် Emerging Market Requirement Challenges and Opportunities for Myanmar's Timber Industry ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး(၃) ဦးဘာဘာချို က မြန်မာနိုင်ငံသစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသုံးသပ်ချက်နှင့် အကြံပြုစာတမ်းကိုလည်းကောင်း၊ Malaysia Timber Certification Council (MTCC)၏ ဥက္ကဋ္ဌဖြစ်သူ DATO Dr. Freezailah Che Yeom က Emerging Market Requirement စာတမ်းကိုလည်းကောင်း ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သစ်လုပ်ငန်းရှင်များအသင်း)

မေ ၅ ရက်က ကျောက်မဲမြို့နယ် မြို့အဝင် ပင်လုံလမ်းမကြီးဘေး မြေယာရှခင်းအလှပြုပြင်ခြင်းကို အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းသား ကျောင်းသူများအား ပြင်ပဗဟုသုတများပါသင်ကြား
နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်

နေပြည်တော် မေ ၁၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၁၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ပညာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများအား သင်ခန်းစာသာမက ပြင်ပဗဟုသုတများပါ သင်ကြားပေးရန်၊ အယူအဆအတွေးအခေါ်များ ရင့်ကျက်တိုးတက်စေရေး သင်ကြားပေးရန်၊ ဆရာ ဆရာမများ အနေဖြင့် သင်ကြားမှုတွင် ခေတ်မီသောသင်ကြားမှုနှင့် လက်တွေ့များများလုပ်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပဲခူးဒီဂရီကောလိပ်၌ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းဝင်းနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ ကောလိပ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရန်နှင့် တန်ဖိုးရှိသော စာအုပ်များထားရှိရန်၊ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား နိုင်ငံ့သားကောင်း သမီးကောင်းများ ဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်၊ ဒီဂရီကောလိပ်ကြီးအား အသွင်သဏ္ဌာန်နှင့် အနှစ်သာရ တိုးတက်လာစေရေး ဝိုင်းဝန်းတည်ဆောက်ကြရန်တို့ကို မှာကြားပြီး ကွန်ပျူတာသင်တန်းခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းဝင်းအတွင်းရှိ ဆောက်လုပ်ဆဲဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်နှင့် ဆရာ ဆရာမတို့၏ အိပ်ဆောင်များကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် ၅/က-၁ ကုန်းမြင့်ရိပ်သာလမ်းနေ ဦးဦးကြည်-ဒေါက်တာမိမိစိန်၊ သမီး မေဦးကြည် မိသားစုက မေ ၄ ရက်တွင် မုဒုံမြို့ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။ **(မီးသတ်ဦးစီးဌာန)**

◆ *ရှေ့ဖုံးမှ*

အဆိုပါ ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင်ကားလမ်းကို အပိုင်းလိုက်ခွဲ၍ ခရိုင်(၂)ဖွဲ့၊ ကုမ္ပဏီ(၉)ဖွဲ့ စုစုပေါင်း(၁၁)ဖွဲ့ဖြင့် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်းနှင့် စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကျောက်စီရေကာဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်-ဖျောက်ဆိပ်ပင်ရဲရွာကားလမ်းအပိုင်း မိုင်တိုင် အမှတ်(၁၇/၄)ရှိ တောင်ကြောကို အတက်အဆင်းပြေပြစ်ရန် ကွေ့ခြောက်ကွေ့ကို စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၇/၅) နှင့် (၁၇/၆)အကြား၌ တောင်ပေါ်မှစီးကျလာသည့်ရေများ လမ်းသားတိုက်စားမှုမရှိအောင် ကျောက်စီရေကာ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့ (၁၄)မှ တာဝန်ယူတည်ဆောက်မည့် ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဖြူး)သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရန်အတွက် အကြိုအင်ဂျင်နီယာလုပ်ငန်းများ၊ မြေစမ်းသပ်ခြင်းလုပ်ငန်းများ၊ စက်၊ ယာဉ် ယန္တရားများ ကြိုတင်စုဆောင်းထားရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အမျိုးအစား

ယခုတည်ဆောက်မည့် ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဖြူး)မှာ ကျောက်ဆည်-ရဲရွာ-ပြင်ဦးလွင် လမ်းပေါ်တွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၄၈၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့်လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဒုဋ္ဌဝတီတံတား (ရဲရွာ-ကဖြူး) တည်ဆောက်ရန်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တောင်သူပညာပေး ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ဇကေ(၂၀)စိုက်ခင်း၌ ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားရှိသော စိုက်ပျိုးရန်အသင့်ဖြစ်နေသည့် စပါးပျိုးခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သကြားစက်ရုံများအတွက် ကုန်ကြမ်းသီးနှံအလုံအလောက်ရရှိရန် ကြံစိုက်တောင်သူများ၏ စိုက်ပျိုးလိုမှု တိုးတက်လာစေရေးဆောင်ရွက်

နေပြည်တော် မေ ၁၅

လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၁၄ ရက် နံနက် ၇ နာရီတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ကျေးရွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးစုပေါင်း လယ်ယာ(Integrated Farm)အနီးရှိ ကြံတောင်သူပညာပေး တစ်ဧက တန် ၅၀ အထက် စိုက်ကွင်း၌ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းမှ သကြားစက်ရုံမှူးနှင့် အရာထမ်းများအား တွေ့ဆုံ၍ သကြားစက်ရုံများအတွက် ကုန်ကြမ်းသီးနှံအလုံအလောက် ရရှိရန်၊ ကြံစိုက်တောင်သူများ၏ စိုက်ပျိုးလိုမှု တိုးတက်လာစေရေးအတွက် အခြားသောသီးနှံများ၏ ဝင်ငွေနှင့် နှိုင်းယှဉ်ပြီး ကြံသီးနှံ၏ တန်ဖိုးကို မြှင့်တင်ပေးရေးဆောင်ရွက်ရန်တို့မှာ ဦးစားပေးလုပ်ငန်းများ ဖြစ်ကြောင်းမှာကြားသည်။ ထို့နောက် တစ်ဧက တန် ၅၀ အထက် ထွက်ရှိရေးအတွက် ကြံသီးနှံကို သိပ္ပံနည်းကျစနစ်ဖြင့် မြေပြုပြင်ခြင်းလုပ်ငန်းမှစ၍ ရိတ်သိမ်းချိန်အထိ အဆင့်ဆင့်ရှင်းလင်းပြောကြားသည်။ ယင်းနောက် တစ်ဧက တန် ၅၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး စိုက်ခင်းကို ရှင်းလင်းပြသသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက် ၇ နာရီတွင် တောင်သူပညာပေး ဇကေ ၂၀ စိုက်ခင်းအတွင်း၌ စက်မှုလယ်ယာဦးစီးဌာနမှ တီထွင်ထုတ်လုပ်ထားသည့် ကောက်စိုက်စက်များ စမ်းသပ်မောင်းနှင်နေမှုကို ကြည့်ရှုအားပေးကာ စက်မှုလယ်ယာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား ဝယ်သူအကြိုက်ဖြစ်အောင် လုပ်ငန်းခွင်အတွင်း အသုံးတည့်ရေးနှင့် တစ်စီးချင်း၏ တန်ဖိုးဈေးနှုန်း မှန်ကန်ရေးမှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တောင်သူပညာပေး ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားသော ဇကေ ၂၀ စိုက်ခင်းသို့ ရောက်ရှိပြီး ပေါင်းစနစ်ဖြင့် ပျိုးထောင်ထားရှိသော စိုက်ပျိုးရန်အသင့်ဖြစ်နေသည့် စပါးပျိုးခင်းများကို ကြည့်ရှုစစ်ဆေးကာ စိုက်ကွင်းအတွင်း သိပ္ပံနည်းကျစနစ်ဖြင့် စိုက်ပျိုး နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



✱ *ကျောဖုံးမှ*

အလားတူ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ၃၃ ကေဗွီ လှိုင်သာယာ ကွမ်းခြံကုန်း ဓာတ်အားလိုင်း၊ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်အတွင်း ဗဟိုလမ်းပေါ်ရှိ ၆၆ ကေဗွီ ဘုရင့်နောင်-ဆင်မလိုက်ဓာတ်အားလိုင်း၊ အမှတ်(၂)ရှင်စောပု လမ်းပေါ်ရှိ ၆၆ ကေဗွီ လွှတ်တော်-မြေနီကုန်း ဓာတ်အားလိုင်း တို့၌လည်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပလက်ဖောင်း ထရပ်ကားများ အသုံးပြု၍ ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင် မြို့မနေ့ခြည်ဈေး အဆင့်မြှင့်တင်ဆောင်ရွက်

မြန်အောင် မေ ၁၅

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ နေခြည်ဈေး ဈေးရုံများတွင် ဈေးသူ ဈေးသားများမှ ဈေးရုံအမိုးဆက်ခြင်း၊ ရေတံလျှောက်တပ်ဆင်ခြင်းလုပ်ငန်းများ အဆင့်မြှင့် ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်က အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

လှူဒါန်း

မေ ၁၄ ရက်က ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၅) ကျောင်းဆင်းအရာရှိများ၏ (၂၃)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၁၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ငါးရစ် ငါးသန် ဘောမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

နိုင်ငံတကာသတင်းများ

တောင်အာရှဒေသရှိ ကျွန်းနှစ်ကျွန်း ပင်လယ်ရေအောက် နစ်မြုပ်

ကိုလံဘို မေ ၁၅

တောင်အာရှဒေသရှိ ကျွန်းနှစ်ကျွန်းသည် ကမ္ဘာကြီးပူနွေးလာမှုနှင့် သန္တာကျောက်တန်းများပေါ်တွင် မိုင်းခွဲ၍ သတ္တုများ တူးဖော်နေမှုကြောင့် ပင်လယ်ရေအောက်သို့နစ်မြုပ်သွားပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက မေ ၁၃ ရက်တွင် ပြောကြားလိုက်သည်။

ထိုပင်လယ်ရေအောက် နစ်မြုပ်သွားခဲ့သော ကျွန်းနှစ်ကျွန်းသည် အိန္ဒိယနှင့် သီရိလင်္ကာနိုင်ငံတို့အကြားရှိ မန်နာပင်လယ်ကွေ့ ကျွန်းအုပ်စုတွင် ရှိသည်။

အကျယ်အဝန်း

၎င်းကျွန်းနှစ်ကျွန်းမှာ ပိုအိုမာရီချန်နှင့် ဗီလန်ဂူချာလီတို့ဖြစ်သည်။ အဆိုပါ ကျွန်းအုပ်စုတွင် ကျွန်းကြီးကျွန်းငယ် ၂၁ ခုရှိပြီး အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၁၆ မိုင်ရှိသည်။ ၎င်းကျွန်းနှစ်ကျွန်း နစ်မြုပ်ရခြင်း၏ အဓိက အကြောင်းအရင်းမှာ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သော ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့်ဖြစ်သည်။

ထို့အပြင် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကပင် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ထိုကျွန်းစုများအနီး သန္တာကျောက်တန်းများတွင် သတ္တုများ တရားမဝင် တူးဖော်ခြင်းတို့ကြောင့် ပင်လယ်ရေမျက်နှာပြင်အောက် ထိုကျွန်းများနစ်မြုပ်ခဲ့ရခြင်းဖြစ်ကြောင်း တမီးလ်နာဒူပြည်နယ် သစ်တောနှင့်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအကြီးအကဲ အက်စ်ဘာလာဂျီက ပြောကြားသည်။

ထိုဒေသသည် ယခင်က ပင်လယ်ရေမျက်နှာပြင်အထက် ၁၀ပေမှ ၁၅ ပေ အထိသာမြင့်ခဲ့ပြီး ကျွန်းများပေါ်တွင် ရေကြီးမှုသတိပေးခေါင်းလောင်းများ တပ်ဆင်ထားရသည်။

တူးဖော်ကြဆဲ

ယခုအခါ အဆိုပါကျွန်းစုများအတွင်းရှိ သန္တာကျောက်တန်းများပေါ်၌ သတ္တုများ တရားမဝင် မိုင်းခွဲတူးဖော်နေကြဆဲဖြစ်ကြောင်း သိရှိရသည်။

(အင်တာနက်)

ပါကစ္စတန်၌ ဘတ်စ်ကားပေါ် ဗုံးပေါက်ကွဲ ခရီးသည်ခုနစ်ဦး သေဆုံး၊ ၂၀ခန့် ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် မေ ၁၅

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်တွင် မေ ၁၄ ရက်က ခရီးသည် ၅၀ ခန့် တင်ဆောင်လာသော ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က မေ ၁၅ ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

ဗုံးပေါက်ကွဲ

အခင်းဖြစ်ပွားမှုမှာ ပန်ဂျပ်ပြည်နယ်ရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဝူဂျရက်မြို့မှ ၃၆ ကီလိုမီတာခန့်အကွာ ခါရီအင်မြို့အနီး ဘတ်စ်ကားတစ်စီးပေါ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် ခရီးသည် ၂၀ ခန့် ဒဏ်ရာရရှိခဲ့သည်။

ယင်းဘတ်စ်ကားမှာ ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးသွားပြီး ဒဏ်ရာရရှိသူများအား အနီးစပ်ဆုံးဆေးရုံသို့ တင်ပို့ပေးခဲ့သည်။ အဆိုပါ ဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မည်သည့် အဖွဲ့အစည်းကမျှ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခြင်း မရှိသေးချေ။

ယခု ဗုံးပေါက်ကွဲမှုမှာ ပါကစ္စတန်နိုင်ငံ၌ နှစ်ရက်အတွင်း ဒုတိယအကြိမ်ဖြစ်ပြီး မေ ၁၃ ရက်က ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ဗုံးနှစ်လုံး ဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ၈၀ ဦးခန့် သေဆုံးခဲ့ရသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သေးသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

[illegible]

ကွာလာလမ်ပူ မေ ၁၅

အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ သန်းတန်ဖိုးရှိသော မူးယစ်ဆေးဝါးများနှင့်အတူ အီရန်နိုင်ငံသား နှစ်ဦးအား ဖမ်းဆီးမိရာ မလေးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ပမာဏအများဆုံး မူးယစ်ဆေးသိမ်းဆည်းရရှိမှုပင်ဖြစ်ကြောင်း မလေးရှားအကောက်ခွန်အရာရှိများက မေ ၁၅ ရက်၌ ပြောကြားသည်။

သယ်ဆောင်

မလေးရှားနိုင်ငံ ပို့ကလန်မြို့ဆိပ်ကမ်း၌ ကွန်တိန်နာ ငါးလုံးအတွင်း ဘိလပ်မြေအိတ်များနှင့် ရောပြွမ်းသယ်ဆောင်လာသော မူးယစ်ဆေးဝါး ၂၇၈ အိတ်ကို အကောက်ခွန်အရာရှိများက ရှာဖွေသိမ်းဆည်းရမိခဲ့ပြီးနောက် **(ယာပုံ)** ၎င်းအီရန်နိုင်ငံသားနှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကွန်တိန်နာများမှာ ပါကစ္စတန်နိုင်ငံ ကရာချိမြို့ ဆိပ်ကမ်းမှ သင်္ဘောဖြင့် သယ်ဆောင်လာခြင်းဖြစ်ပြီး ဘိလပ်မြေအိတ် ၅၆၀ နှင့်အတူ ပလတ်စတစ်နှင့် ထုပ်ပိုးထားသော မူးယစ်ဆေးဝါးအိတ်များကို ရောပြွမ်းသိုဝှက်သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီး

မလေးရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ် ဇန်နဝါရီမှ အောက်တိုဘာအထိ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူ ၁၃၈ ဦးကို ဖမ်းဆီးမိခဲ့ရာ ၂၀၀၉ ခုနှစ် တစ်နှစ်လုံး ၁၆ ဦး ဖမ်းဆီးနိုင်ခဲ့မှုနှင့် နှိုင်းယှဉ်လျှင် မူးယစ်မှောင်ခိုသမားများအား ပိုမိုဖမ်းဆီးနိုင်ခြင်းပင်ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီလကလည်း ကွာလာလမ်ပူမြို့၌ မူးယစ်ဆေးဝါး ကီလိုဂရမ် ၇၀ ကျော်နှင့်အတူ အီရန်နိုင်ငံသားကိုးဦးကို ဖမ်းဆီးမိခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ယန်စီမြစ်အတွင်း မြစ်ရေအဆိုးရွားဆုံး ကျဆင်း သင်္ဘောများ ဖြတ်သန်းမှုပိတ်လိုက်ရ

ရှန်ဟိုင်း မေ ၁၅

တရုတ်နိုင်ငံ၏ အဓိကရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းအဖြစ် အသုံးပြုနေသော ယန်စီမြစ်တွင် ဆယ်စုနှစ်တစ်ခုအတွင်း မြစ်ရေ အဆိုးရွားဆုံးကျဆင်းမှုကြောင့် ရေလမ်းကြောင်းအချို့ကို ပိတ်လိုက်ရကြောင်း ယန်စီမြစ်ကြောင်းဆိုင်ရာဗျူရိုက မေ ၁၅ ရက်၌ သတင်းထုတ်ပြန်သည်။

မြစ်ရေ အကျဆင်းဆုံးအပိုင်းဖြစ်သည့် ဝူဟန်မြို့ဆိပ်ကမ်းမှ ယွီယန်မြို့အထိ ၁၁၅ မိုင်ရှိသော ရေလမ်းကြောင်းအတွင်း သင်္ဘောများခုတ်မောင်းသွားလာမှုကို မေ ၁၃ ရက်မှ စတင်ကာ ပိတ်လိုက်ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ယန်စီမြစ်သည် တရုတ်နိုင်ငံအတွင်း ရေကြောင်းဖြင့်ပို့ဆောင်သော ကုန်စည်၏ ၆၀ ရာခိုင်နှုန်းခန့် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုနေသည့် မြစ်ဖြစ်သည်။ အဆိုပါ ရေကြောင်းလိုင်းကို ပိတ်လိုက်ရာ ကုန်စည်စီးဆင်းမှု ထိခိုက်မည်ကို ဒေသခံများ စိုးရိမ်လျက်ရှိကြသည်။

(အင်တာနက်)



❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

မူးယစ်မှောင်ခို ခေါင်းဆောင်ကြီး ...

မူးယစ်မှောင်ခို ခြောက်ဦး ဟွန်ဒူးရပ်စ်၌ ပစ်သတ်ခံရ

ကာတာကာမက်စ် မေ ၁၅

ဟွန်ဒူးရပ်စ်နိုင်ငံ အိုလန်ချိုပြည်နယ်တွင် မေ ၁၃ ရက်က မူးယစ်ဆေးဝါး မှောင်ခိုသမားများနှင့် ရဲတပ်ဖွဲ့တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ မူးယစ်ဆေးဝါး မှောင်ခိုသမားခြောက်ဦးအား ပစ်သတ်နိုင်ခဲ့ကြောင်း ဟွန်ဒူးရပ်စ်အရာရှိများက မေ ၁၄ ရက်၌ ပြောကြားသည်။

ဖမ်းဆီးခဲ့

အခင်းဖြစ်ပွားမှုမှာ အိုလန်ချိုပြည်နယ် ကာတာကာမက်စ်မြို့၌ မူးယစ်မှောင်ခိုရောင်းဝယ်မှု ပြုလုပ်နေစဉ် ရဲတပ်ဖွဲ့ဝင်များက စီးနင်းခဲ့ရာမှ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားခုနစ်ဦးကိုလည်း ဖမ်းဆီးခဲ့သည်ဟု ဟွန်ဒူးရပ်စ် ရဲတပ်ဖွဲ့က ပြောကြားသည်။

မြင့်တက်

ဟွန်ဒူးရပ်စ်နိုင်ငံ ကာတာကာမက်စ်မြို့သည် အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါး မှောင်ခိုတင်သွင်းရာ နယ်စပ်မြို့တစ်မြို့ဖြစ်ပြီး မကြာမီလများက စတင်ကာ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် တိုက်ခိုက်ပစ်ခတ်မှုများ မြင့်တက်လာသည့် မြို့တစ်မြို့ဖြစ်သည်။

(အင်တာနက်)



တိုကျိုမြို့အနောက်တောင်ဘက်ရှိ ဟာမာအိုကာနျူကလီးယားစက်ရုံပိတ်လိုက်ပြီ

တိုကျို မေ ၁၅

သဘာဝဘေးအန္တရာယ်များကြောင့် မတော်တဆဖြစ်ပွားမှုများ ဘေးမှ ကြိုတင်တားဆီးသည့်အနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့ အနောက်တောင်ဘက်ရှိ ဟာမာအိုကာ နျူကလီးယားစက်ရုံ**(အပေါ်ပုံ)**ကို ပိတ်လိုက်ကြောင်း၊ ဓာတ်အား ထုတ်ပေးနေသော နျူကလီးယား ဓာတ်ပေါင်းဖိုငါးလုံးကို မေ ၁၄ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီက ပိတ်လိုက်ခြင်းဖြစ်ကြောင်း ချူဘူ အီလက်ထရစ်စွမ်းအားကော်ပိုရေးရှင်းမှ ပြောရေးဆိုခွင့်ရှိသူ ဟီရိုရာကီအို ဘာယာရှီက မေ ၁၅ရက်၌ ပြောကြားသည်။

ဟာမာအိုကာ နျူကလီးယားစက်ရုံသည် တိုကျိုမြို့ အနောက်တောင်ဘက် ၁၂၅ မိုင်ခန့်အကွာ၌ တည်ရှိနေပြီး ယင်းဒေသတွင် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်နိုင်ကြောင်း ဂျပန် ငလျင်သုတေသနပညာရှင်များက အချိန်ကာလအတန်ကြာကပင် သတိပေးမှုများ ထုတ်ပြန်ထားသည်။

(အင်တာနက်)

သဘာဝစွမ်းအင်ဖြည့်တင်းရန် လိုအပ်လာသော ဤမြေကမ္ဘာ

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ယခုအခါ ကမ္ဘာကြီးပူနွေးလာမှုနဲ့အတူ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုတွေကို လူသားတွေ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ အဲဒီလိုဖြစ်ရတာဟာ လူသားတွေရဲ့ ပယောဂ မကင်းဘူးလို့ အများစုက ဆိုကြပါတယ်။ ဒါကတော့ လူသားတွေ ဖန်တီးတဲ့ စက်ရုံတွေက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု တစ်နေ့တခြား ပိုမိုလာတဲ့အတွက်ကြောင့်ပါပဲ။ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားလာတဲ့အခါ အိုဇုန်းလွှာပျက်စီးပြီး ကမ္ဘာကြီးရဲ့ အပူချိန်တွေလည်း တက်လာလို့ ရာသီဥတုပုံပြင်းဖောက်ပြန်ပြီး ရေကြီးရေလျှံတွေ ဖြစ်ကြရတာပါပဲ။ ပြောရရင် ဒီကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချဖို့နဲ့ နောင်များမကြာမီ ကုန်ခန်းတော့မယ်လို့ ဘူမိပညာရှင်တွေ ခန့်မှန်းထားတဲ့ ရေနံသုံးစွဲမှုကို လျှော့ချပြီး သဘာဝကပေးတဲ့ စွမ်းအင်တွေကို အသုံးပြုကြဖို့ပဲ ဖြစ်ပါတယ်။ အမှန်ကတော့ ဒီနေ့ဒီအချိန်မှာ ရေနံစွမ်းအင်တွေနေရာမှာ နေ၊ လေနဲ့ ရေတွေကရတဲ့ သဘာဝစွမ်းအင်တွေကို အစားထိုး ဖြည့်တင်းဖို့ပဲ ဖြစ်ပါတယ်။ ဒီစွမ်းအင်တွေကို အများက ပြန်လည်ပြည့်မြဲစွမ်းအင်တွေလို့ခေါ်ကြပါတယ်။ လာမယ့် ၂၀၅၀ပြည့်နှစ်မှာ ပြန်လည်ပြည့်မြဲစွမ်းအင် လိုအပ်ချက်ဟာ ကမ္ဘာ့စွမ်းအင်သုံးစွဲမှုရဲ့ ၈၀ရာခိုင်နှုန်းအထိ ရှိလိမ့်မယ်လို့ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာအဖွဲ့က ထုတ်ပြန်တဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။



နေစွမ်းအင်သုံးစွဲမှုများ ဤသို့ ကျယ်ကျယ်ပြန့်ပြန့် ရယူအသုံးပြုရန် လိုအပ်နေပြီ ဖြစ်သည်။

ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ကျစေဖို့နဲ့ ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုအပေါ် ဟန့်တားနိုင်ဖို့ဆိုတာ ပြန်လည်ပြည့်မြဲစွမ်းအင်တွေ သုံးစွဲဖို့ လိုအပ်တဲ့အကြောင်း အစီရင်ခံစာကို တောင်အာဖရိကနိုင်ငံမှာ လာမည့် ဒီဇင်ဘာလမှာကျင်းပမယ့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံမှာ အစီရင်ခံစာ တင်သွင်းမယ်လို့ ဆော်ဒီအာရေဗျနိုင်ငံ အာဘူဒါဘီမြို့မှာ အခြေစိုက်တဲ့ နိုင်ငံတကာ ပြန်လည်ပြည့်မြဲစွမ်းအင် အေဂျင်စီရဲ့ ညွှန်ကြားရေးမှူးချုပ် အက်နန် အာမင်က ပြောကြားပါတယ်။

လက်ရှိထုတ်ယူသုံးစွဲနေတဲ့ ရေနံနဲ့အခြားသယံဇာတအရင်းအမြစ်တွေဟာတဖြည်းဖြည်းနဲ့ ကုန်ခန်းလာပြီဖြစ်ပါတယ်။ ယနေ့အခါမှာ ဘယ်လောက်သုံးသုံး မကုန်ခန်းနိုင်တဲ့ နေစွမ်းအင်၊ လေစွမ်းအင်၊ရေစွမ်းအင်တွေနဲ့ အခြားသဘာဝအရင်းအမြစ်တွေကို ရယူသုံးစွဲနိုင်ဖို့ လိုအပ်လာပြီ ဖြစ်ပါတယ်။

ရုပ်ကြွင်းလောင်စာတွေ မီးရှို့မှုကနေပြီး စွမ်းအင်ထုတ်ယူမှုတွေ များပြားနေတာမို့ ကမ္ဘာကြီးပူနွေးလာမှုကို ပိုမိုဖြစ်ထွန်းစေပါတယ်။ ဒါကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိသလောက်နည်းပါးတဲ့နေစွမ်းအင်၊လေစွမ်းအင်နဲ့ရေစွမ်းအင် စတဲ့ ပြန်လည်ပြည့်မြဲစွမ်းအင်တွေ ထုတ်ယူသုံးစွဲမှုကို မြှင့်တင်ကြဖို့ ကမ္ဘာ့နိုင်ငံတွေကို ကုလသမဂ္ဂက တိုက်တွန်းနေခြင်းပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးစကမ္ဘာ့နိုင်ငံတွေဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားအကောင်အထည်ဖော်တဲ့အခါ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ နည်းလမ်းရှာမှုတွေပြုလုပ်ရင်ပြန်လည်ပြည့်မြဲစွမ်းအင်အရင်းအမြစ်တွေဖြစ်တဲ့ နေ၊ လေ၊ ရေအား၊ ဇီဝစွမ်းအင်နဲ့ သမုဒ္ဒရာရေလှိုင်းစွမ်းအင် စတဲ့အရာတွေက နည်းလမ်းရှာပြီး ဦးစားပေးထုတ်ယူသုံးစွဲဖို့ လိုအပ်တယ်လို့လည်း အဲဒီအစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အဲဒီလိုမှသာရေရှည်မှာ ကုန်ကျစရိတ် သက်သာတဲ့အပြင် ဘေးထွက်ဆိုးကျိုး နည်းပါးတဲ့ စွမ်းအင်ကို သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ပြန်လည်ပြည့်မြဲ စွမ်းအင်တွေ သုံးစွဲမှသာ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ထုတ်လွှတ်မှု လျော့နည်းပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကိုလည်း မထိခိုက်စေတဲ့အပြင် အရင်ကထက် ၃ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်အထိ မြင့်တက်လာတဲ့ ကမ္ဘာကြီး ပူနွေးလာမှုကိုလည်းလျော့ကျစေဖို့ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

ဆက်လက်မြင့်တက်

အဲဒီလိုမှ မဟုတ်ဘဲ ရေနံနဲ့ ကျောက်မီးသွေးစတဲ့ စွမ်းအင်တွေကိုသာ ဆက်လက်ထုတ်လုပ်မယ်ဆိုရင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ ထုတ်လွှတ်မှုနှုန်းမြင့်တက်ပြီး ကမ္ဘာ့အပူချိန်ဟာ ၃ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်ကျော်အထိ ဆက်လက်မြင့်တက်နေမှာဖြစ်ပါတယ်။ ဒီလိုဆိုရင် ကမ္ဘာကြီး ပူနွေးမှုအရှိန်ကို ဘယ်လိုမှ ဟန့်တားထိန်းချုပ်နိုင်မှာ မဟုတ်ပါဘူးလို့ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ ရာဂျင်ဒါပါချူရီက ပြောကြားနေပါတယ်။

၂၀၅၀ပြည့်နှစ်မှာ ပြန်လည်ပြည့်မြဲစွမ်းအင်သုံးစွဲမှုဟာ ကမ္ဘာ့စွမ်းအင်သုံးစွဲမှုရဲ့ ၈၀ရာခိုင်နှုန်းအထိ ရှိလာနိုင်အောင် ကြိုးစားဆောင်ရွက်သင့်တယ်လို့လေ့လာသုံးသပ်သူတွေက ဆိုနေပါတယ်။ ဒါပေမယ့် လက်ရှိ



ဤသို့ သမုဒ္ဒရာရေလှိုင်းအားများမှလည်း စွမ်းအင်တိုးမြှင့် ထုတ်ယူသုံးစွဲရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အခြေအနေမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားလွန်းနေကြတဲ့ ကမ္ဘာ့နိုင်ငံအချို့ကြောင့် လက်တွေ့အကောင်အထည်ပေါ်လာဖို့ မလွယ်ပါဘူးလို့ ကမ္ဘာ့စွမ်းအင်ဆိုင်ရာ မူဝါဒရေးရာ ညွှန်ကြားရေးမှူးဖြစ်တဲ့ စတီပင်ဆင်ဂါက ပြောကြားပါတယ်။

ထုတ်ယူသုံးစွဲ

ကမ္ဘာ့နိုင်ငံတွေရဲ့ ပြန်လည်ပြည့်မြဲ စွမ်းအင်ထုတ်ယူ သုံးစွဲမှုကိုကြည့်ရင် ၂၀၀၉ ခုနှစ်နဲ့ ၂၀၁၀ပြည့်နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၁၈၆ ဘီလီယံကနေပြီး အမေရိကန် ဒေါ်လာ ၂၄၄ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံကာ ထုတ်ယူသုံးစွဲခဲ့တာမို့ နှစ်ချင်းအလိုက် တိုးတက်မှုဟာ ၃၀ရာခိုင်နှုန်းအထိ ရှိခဲ့တယ်လို့ အက်နန်အာမင်က ပြောကြားပါတယ်။ ဒါဟာ ပြန်လည်ပြည့်မြဲစွမ်းအင် သုတေသနပြုမှုနဲ့ ထုတ်ယူသုံးစွဲမှုတွေရဲ့ မှတ်တမ်းဝင် တိုးတက်လာမှုပဲ ဖြစ်ပါတယ်။

လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ ပြန်လည်ပြည့်မြဲ စွမ်းအင်ထုတ်လုပ်သုံးစွဲမှုမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံကနေပြီး ၂၀၃၀ ပြည့်နှစ်မှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၂ထရီလီယံအထိ ရင်းနှီးမြှုပ်နှံသုံးစွဲနိုင်ဖို့ လိုအပ်မှာ ဖြစ်တယ်လို့လည်း အက်နန်အာမင်က ပြောကြားပါတယ်။

လေစွမ်းအင်ကို တိုးမြှင့်အသုံးပြုရန်လည်း လိုအပ်လာလျက်ရှိရာ…။

ဒီလိုရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်ပြီး ပြန်လည်ပြည့်မြဲ စွမ်းအင်ကို တိုးမြှင့်အသုံးပြုမယ်ဆိုရင် ကမ္ဘာကြီး ပူနွေးလာမှုကို လျှော့ချနိုင်ရေး အထောက်အကူပြုနိုင်တဲ့အပြင် ရာသီဥတု ပြောင်းလဲမှုကိုလည်း တစ်နည်းတစ်ဖုံအကျိုးသက်ရောက်မှု ပြုစေနိုင်မှာ ဖြစ်တယ်လို့ တိုက်တွန်းထားပါကြောင်း တင်ပြလိုက်ရပါတယ်။ ။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာ အတိုအထွာ

ဇော်ဦးခိုင် ရေးသားသည်

တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဘီလီယံကျော် ဆိုမာလီ ပင်လယ်ဓားပြမှုများကြောင့် ဆုံးရှုံး

ဆိုမာလီယာ မေ ၁၅

ဆိုမာလီ ကမ်းခြေတစ်လျှောက် ပင်လယ်ဓားပြမှုများကြောင့် နိုင်ငံတကာ အကျိုးစီးပွား ဆုံးရှုံးမှုမှာ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံကျော် ရှိသည်ဟု မေ ၁၄ ရက်က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်၌ ထုတ်ပြန်ထားသည်။

ဖော်ပြ

၂၀၁၅ ခုနှစ်တွင် ပင်လယ်ဓားပြမှုများကြောင့် ဆုံးရှုံးမည့် ငွေပမာဏမှာ အမေရိကန် ဒေါ်လာ ၁၃ဘီလီယံနှင့် ၁၅ဘီလီယံကြားအထိရှိလာနိုင်မည်ဖြစ်ကြောင်း၊ ပင်လယ်ဓားပြတစ်ဦး၏ တစ်နှစ်ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၇၉၀၀၀အထက်တွင် ရှိနေကြောင်း ၎င်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်ရှိအချိန်၌ သင်္ဘောပေါင်း ၂၃စင်းနှင့် ဓားစာခံ ၅၃၀ မှာ ပင်လယ်ဓားပြများ၏ လက်တွင် ဖမ်းဆီးခံထားရဆဲဖြစ်ကြောင်း ဥရောပသမဂ္ဂ ပင်လယ်ဓားပြ တိုက်ဖျက်ရေးအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

မစ္စစ္စပီမြစ်ရေကြီးမှု ရေတံခါးပေါက်များဖွင့်ပြီး ကာကွယ်

မစ္စစ္စပီ မေ ၁၅

အမေရိကန်နိုင်ငံတွင် မစ္စစ္စပီမြစ်ရေကြီးမှုကြောင့် မြစ်မကြီးတစ်လျှောက်ရှိ မြို့ပြများကို မြစ်ရေလွှမ်းမှုမှ ကာကွယ်ရန် ရေလွှဲပေါက်တံခါးများကို မေ ၁၄ ရက်က ဖွင့်လိုက်ရသည်။

ရေတံခါးများကို အမေရိကန် စစ်အင်ဂျင်နီယာများက ယင်းနေ့ ဒေသစံတော်ချိန် ၃နာရီတွင် ဖွင့်ခဲ့ကြခြင်းဖြစ်သည်။ ယင်းကြောင့် မြေလွတ်စတုရန်းမိုင် ၃၀၀၀ကျော်ကို ရေများစီးဝင်လွှမ်းသွားမည်ဖြစ်သော်လည်း မြစ်ကမ်းတစ်လျှောက်ရှိ မြို့များကို ရေဘေးမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ရေလွှဲတံခါးများ ဖွင့်ခဲ့ရသည်အထိ မစ္စစ္စပီမြစ်ရေကြီးမှုသည် ဆယ်စုနှစ် လေးစုအတွင်း ပထမဆုံးအကြိမ်ဖြစ်ရာ လူ ၂၅၀၀၀ ခန့်နှင့် တိုက်တာအဆောက်အအုံ ၁၁၀၀၀ ခန့်မှာ မြစ်ရေကြီးမှုကို ဆိုးဆိုးရွားရွား ဒဏ်ခံခဲ့ကြရသည်။ **(အင်တာနက်)**

အကြမ်းဖက်သမား ၁၂ ဦးအား တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များ ချေမှုန်း

အန်ကာရာ မေ ၁၅

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးများ ဆင်နွှဲပြီး အကြမ်းဖက်သမား ၁၂ ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု တူရကီစစ်ဘက်က မေ ၁၄ ရက်၌ သတင်းထုတ်ပြန်ထားသည်။

ချေမှုန်းနိုင်

မေ ၁၂ ရက်မှ ၁၄ ရက်အတွင်း ဆာနက်စ်ပြည်နယ် အုလုဒါရီမြို့တွင် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အထူးစစ်ဆင်ရေးနှစ်ရပ်အတွင်း အီရတ်နိုင်ငံမှ တူရကီဘက်သို့ခိုးဝင်ကြသည့် အကြမ်းဖက်သမား ၁၂ ဦးကို ချေမှုန်းနိုင်ခဲ့ခြင်း ဖြစ်သည်။

(အင်တာနက်)

ဖုန်းနှစ်လုံးပြောပြီး ကားမောင်းသူအား ပြစ်တင်ရှုတ်ချ

ရောမ မေ ၁၅

အီတလီနိုင်ငံတွင် ဘတ်စ်ကားဒရိုင်ဘာတစ်ဦးက စတီယာရင်ကို တံတောင်ဆစ်နှစ်ဖက်ဖြင့်ထိန်းပြီး ကားမောင်းရင်း ဖုန်းနှစ်လုံးတစ်ပြိုင်တည်း ပြောကြားနေသည်ကို ဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြခဲ့သည်။ ယင်းကြောင့် ထိုကားဒရိုင်ဘာ၏ အပြုအမူကို လာဇီယိုဒေသ အုပ်ချုပ်ရေးမှူးက ပြစ်တင်ရှုတ်ချလိုက်သည်။

ရှုတ်ချ

ကားဒရိုင်ဘာသည် လေဆိပ်သို့ ပို့ဆောင်ရန် ခရီးသည်များကို တင်ဆောင်မောင်းနှင်လာစဉ် ယခုလိုပြုမူခဲ့ခြင်းဖြစ်ပြီး ထိုဗီဒီယိုကို လာရီပတ်ဘလစ်ကာသတင်းစာ၏ ဝက်ဘ်ဆိုက်က ဖော်ပြလိုက်ခြင်းဖြစ်သည်။ အီတလီနိုင်ငံတွင် ကားမောင်းနေစဉ် မိုဘိုင်းလ်ဖုန်းတစ်လုံးသုံးစွဲမှုကပင် ဥပဒေချိုးဖောက်ခြင်းဖြစ်သည်။ ယခု ကားဒရိုင်ဘာ၏လုပ်ရပ်ကို လာဇီယိုဒေသအုပ်ချုပ်ရေးမှူးက ဆင်ခြင်ကင်းမဲ့သော လုပ်ရပ်အဖြစ် ရှုတ်ချခဲ့ကြောင်း၊ ဘတ်စ်ကားကုမ္ပဏီထံသို့ ယခုကိစ္စနှင့်ပတ်သက်ပြီး ထိုသူအား အလုပ် ဆက်လက်ခန့်မထားရန် ပြောဆိုခဲ့ကြောင်း သတင်းထောက်များနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။ **(အင်တာနက်)**

အခြေခံအိမ်တွင်းမှုသင်တန်း မြိုင်ကြီးငူ၌ဖွင့်

နေပြည်တော် မေ ၁၅

၂၀၁၁ ခုနှစ် မေ ၉ ရက်က ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူမြို့ရှိ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ သင်တန်းကျောင်းဖွင့်ပွဲနှင့် အခြေခံအိမ်တွင်းမှု အမှတ်စဉ်(၁)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ သင်တန်းကျောင်း ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်၊ မြိုင်ကြီးငူ အထူးဒေသမှ တိုင်းရင်းသားခေါင်းဆောင် ဦးသာထူးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး စားဖိုဆောင်စားသောက်ဖွယ်ရာများကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သစ္စာအေးမြိုင်ကျေးရွာ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဆောက်လုပ်ဆဲအိမ်ရာများနှင့် မြိုင်ကြီးငူဒေသ၌ စိုက်ပျိုးထားရှိသည့် ကြံစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ပေးအပ်

ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၂၆)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် စားဖိုဆောင်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ဆေးတိုက်ကျွေး

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဇနီးတို့ ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) ဖွင့်ပွဲတွင် အသက်ငါးနှစ်အောက်ကလေးသူငယ်များအား ပိုလီယို ကာကွယ်ဆေးတိုက်ကျွေးစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၅

မန္တလေးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက် ၈ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်း ပိုလီယိုရောဂါလုံးဝကင်းစင်ပပျောက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းပူးပေါင်းကူညီ၍ ပိုလီယိုကင်းစင်သည့် တိုင်းဒေသကြီး၊ ပိုလီယိုကင်းစင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အားလုံးကြိုးကြိုးစားစား လုပ်ဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်မြတ်ငွေတို့ ဦးဆောင်၍ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေငွေအောင်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများက အသက်ငါးနှစ်အောက် ကလေးသူငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

တိုက်ကျွေးမည်

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁)ကို တိုင်းဒေသကြီးအတွင်း ဆေးတိုက်စုရပ် ၆၃၂၁ နေရာတွင် ဆေးတိုက်အဖွဲ့ပေါင်း ၃၇၇၇ ဖွဲ့တို့ဖြင့် အသက်ငါးနှစ်အောက် ကလေးသူငယ် စုစုပေါင်း ၆၈၆၁၈၈ ဦးတို့အား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကလောပြည်သူ့ဆေးရုံ၌ မေ့ဆေးစက်လှူဒါန်း

ကလော မေ ၁၅

ကလောမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၂ ရက် နံနက် ၉ နာရီက (England Made - ISO Anaesthesia Matchine) မေ့ဆေးစက်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပရာ အလှူရှင် ဦးသီဟက ဆေးရုံအတွက် လိုအပ်နေသော မေ့ဆေးစက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ ရန်ကုန်မြို့နေ Htoo Group Trading Company မှ Vice Chairman ဦးသီဟနှင့် ဒေါ်ရွှေရွှေလင်း မိသားစုက မေ့ဆေးစက်ကို လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ လှလှကြည်က လက်ခံယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေနုတ်မြောင်းတူးဖော်

မြောင်းမြမြို့နယ် အမှတ်(၂) ရပ်ကွက် ၂လမ်းမကြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်း တူးဖော်ခြင်းကို မေ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးရွှေထွန်းနှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့များအကြောင်း မူဆယ်မြို့၌ အသိပေးဆွေးနွေးပွဲကျင်းပ

မူဆယ် မေ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) အကြောင်း အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းက အမှာစကားပြောကြားပြီး မူဆယ်ခရိုင်ပြည်သူ့ဆေးရုံမှဆေးရုံအုပ် ဒေါက်တာ ဒေါ်မြင့်မြင့်ခိုင်က ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ အကြောင်းကိုအသိပေးဆွေးနွေးသည်။

ဆွေးနွေး

အဆိုပါ ဆွေးနွေးပွဲတွင် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ကျိုင်းတုံ၌ လက်တွေ့သရုပ်ပြဟောပြော

ကျိုင်းတုံ မေ ၁၅

ကျိုင်းတုံမြို့နယ် ဝပ်ဆောင်းကျေးရွာအုပ်စု လွိုင်ခိုက်ကျေးရွာ တောင်သူ ဦးစိုင်းဆိုင်ပီး၏လယ်မြေတွင် ဧပြီ ၃၀ရက် နံနက် ၈ နာရီက ဆင်းဇကရီ-၃ အထွက်ကောင်း မျိုးသန့်စပါးမျိုးအား သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်မန်နေဂျာဦးအောင်ကျော်ဦး၊ ဒုတိယပြည်နယ်မန်နေဂျာတို့ ဦးဆောင်၍ ကျိုင်းတုံမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြသကြသည်။ **(အောက်ပုံ)**

လိုက်နာဆောင်ရွက်

သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းသည် မျိုးစေ့သုံးစွဲမှုများစွာ သက်သာစေသည်သာမက တစ်ဧကအထွက်နှုန်းတိုးတက်စေကာ စပါးထွက်ရှိမှု တိုးတက်လာမည်ဖြစ်ပြီး စပါးတစ်ဧက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ အထက် ကျော်လွန်ထွက်ရှိစေရန် သိပ္ပံနည်းကျ စပါးစိုက်ပျိုးနည်းစနစ် အချက် ၁၄ ချက်ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောင်းသန့်ရှင်းရေး အင်းစိန်၌ ဆောင်ရွက်

ရန်ကုန် မေ ၁၅

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် အမှတ်(၁၀)အခြေခံပညာ အလယ်တန်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းခြင်းကို မေ ၇ ရက် နံနက် ၇ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်ခင်အောင် ကြီးကြပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများ ကျောင်းဝင်းအတွင်းနှင့် ကျောင်းဆောင်များ ဝန်းကျင်သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်စေရေးအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ညှိနှိုင်း၍ ကျောင်းဖွင့်ရာသီအမီ ယခုကဲ့သို့ သန့်ရှင်းရေး ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(ဝ၃၁)

Shine သွားတိုက်ဆေး ကံထူးရှင်များ ရွေးချယ်

ရန်ကုန် မေ ၁၅

Shine သွားတိုက်ဆေးဝယ်ယူသုံးစွဲသူများအတွက် ငွေကျပ်သိန်း ၅၀၀ ကံစမ်းမဲအစီအစဉ်မှ ဒုတိယဆု ငွေကျပ်သိန်း ၅၀နှင့် အထူးဆုအဖြစ် ကိုရီးယားခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကို မေ ၇ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပရာ ရှေးဦးစွာ Shine သွားတိုက်ဆေး Division Head မှ Shine သွားတိုက်ဆေးသုံးစွဲသူများကို ငွေကျပ်သိန်း ၅၀၀ ကံစမ်းမဲဖောက်၍ ချီးမြှင့်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကံစမ်းမဲဖောက်ရာ ဒုတိယဆု ငွေကျပ် သိန်း ၅၀ကို ကံစမ်းမဲနံပါတ် ဝ၁၅ဝ၂၉၇က လည်းကောင်း၊ ကိုရီးယားခရီးစဉ် ကံထူးရှင်အဖြစ် ကံစမ်းမဲနံပါတ် ဝ၁ဝ၄၉၄၆က လည်းကောင်း ရရှိသွားကြပြီး တာဝန်ရှိသူများက အခြား အဖိုးတန်ဆုမဲပေါင်း ၁၆ဝ ကျော်ကိုလည်း မဲနှိုက်ရွေးချယ်ကြသည်။

Shine သွားတိုက်ဆေးများကို အမှတ်(၄၂) ရန်နိုင်ဆွေ ၂ လမ်း သာကေတစက်မှုဇုန် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း-ဝ၉-၈၆၂၄၈၃၂၊ ဝ၉-၈၆၂၇၃ဝ၁ နှင့် ဝ၁-၄၅ဝ၆၈ဝ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

မန္တလေးကလေးဆေးရုံကြီး၌ ရင်ချင်းဆက်အမြွှာ စောင့်ရှောက်ထား

နေပြည်တော် မေ ၁၅

မန္တလေး ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး ခွဲစိတ်ဆောင်(၁) အထူးကြပ်မတ်ကုသခန်း၌ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မှ မေ ၆ရက်က ဗိုက်ခွဲမွေးဖွားပေးခဲ့သည့် ဘေဘီအေးမြင့်သန်း ရင်ချင်းဆက်အမြွှာညီအစ်မအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် မေ ၉ရက် မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)အစည်းအဝေးခန်းမ၌ အသင်းဥက္ကဋ္ဌ ဒေါက်တာသစ်လွင်နှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်များအား လည်းကောင်း၊ မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုအုပ်များ၊ သူနာပြုများအားလည်းကောင်း တွေ့ဆုံ၍ ပြည်သူအားကိုးသော ဆေးရုံဖြစ်အောင် ကြိုးပမ်းကြရန်နှင့် စရိတ်မျှပေးစနစ်ကျင့်သုံးမှုအတွက် ပြည်သူအများ နားလည်သဘောပေါက်အောင် ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ ခုတင်(၃၀၀) သင်ကြားရေးဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်ဝင်းနှင့် ဝန်ထမ်းများ၊ အရိုးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်များ၊ ဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ ဌာနမှူးများ၊ သင်တန်းဆရာများနှင့် တွေ့ဆုံသည်။

မှာကြား

ဆက်လက်၍အရိုးရောဂါအထူးကုဆေးရုံကြီးရှိ လူနာကုသဆောင်၊ အခပေး လူနာကုသခန်း၊ အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်းနှင့် အဆောက်အအုံ ထပ်မံဆောက်လုပ်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ်စာကြည့်တိုက်နှင့် တိုင်းရင်းဆေးတက္ကသိုလ်ပြတိုက်ရှိဆေးပုရပိုက်၊ ဆေးကျမ်းများ ထိန်းသိမ်းထားရှိမှု၊ တိုင်းရင်းဆေးပရဆေး ပြကွက်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၄ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၌ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၄)မှ ကျောင်းဆင်းအရာရှိများ စုပေါင်း၍ (၂၈)နှစ်မြောက် သင်တန်းဆင်း နှစ်ပတ်လည် အလှူဒါနအဖြစ် ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးလွင်ကိုနှင့်အဖွဲ့ လက်ခံယူစဉ်။ (သတင်းစဉ်)

ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ များ
မကွေး၌ လုပ်ငန်းအသိပေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် မေ ၁၅

မကွေးတိုင်းဒေသကြီး ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၁၁) လုပ်ငန်းအသိပေး ညှိနှိုင်းဆွေးနွေးပွဲကို မေ ၁၁ရက် နံနက် ၉နာရီက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်ကျွေး ဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်းသည်များကို အသိပေးရှင်းလင်းတင်ပြသည်။ မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၁ခုနှစ်ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ၂၀၁၁ခုနှစ်တွင် ပထမအကြိမ်အဖြစ် မေ ၁၄ ရက်နှင့် ဒုတိယအကြိမ်အဖြစ် ဇွန် ၁၁ ရက်တို့တွင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ကာကွယ်ဆေးတိုက်အဖွဲ့ပေါင်း ၁၈၀၆ဖွဲ့က မွေးကင်းစကလေးမှ အသက်ငါးနှစ်အောက် ကလေးငယ်ပေါင်း ၃၄၂၅၂၂ ဦးတို့ကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြင်ကွန်းတိုက်နယ်၊ တုတ်စမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည့် စိုက်ပျိုး၊ ရိတ်သိမ်းစရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကားပြောကြားပြီးရွှေထနောင်း စိုက်ပျိုးထုတ်လုပ်မှု ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဖိုးနီက စိုက်ပျိုး၊ ရိတ်သိမ်းစရိတ် ချေးငွေများကိုထောက်ပံ့ပေးအပ်ရာ မြင်ကွန်းတိုက်နယ်ရှိ ကျေးရွာများမှ တောင်သူများကိုယ်စား ဒေသခံတောင်သူတစ်ဦးက လက်ခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်း သထုံ၌ဖွင့်

သထုံ မေ ၁၅

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) နှင့် (UNFPA) စီမံချက် သင်တန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော မျိုးဆက်ပွားကျန်းမာရေး ပညာပေးသင်တန်းဖွင့်ပွဲကို မေ ၁၁ရက် နံနက် ၈နာရီခွဲက သထုံမြို့နယ် အလက(၁) ကျောင်းဝင်းအတွင်းရှိ ဉာဏ်ဝေယံကျောင်းဆောင်သစ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် သထုံခရိုင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မောင်ညွန့်တို့က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ဆက်လက်၍ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဦးမျိုးဝင်းယုက မူးယစ်ဆေးဝါးနှင့် မျိုးဆက်ပွားကျန်းမာရေးအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ (MANA/ UNFPA) စီမံချက်သင်တန်းအဖွဲ့မှ ဒေါက်တာဥမ္မာက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်း၌ (MANA/ UNFPA) စီမံချက်သင်တန်းအဖွဲ့မှ ဒေါ်သီဂီလှိုင်၊ ဒေါက်တာရီရီမြင့်နှင့် ဒေါက်တာ ဥမ္မာတို့က သင်တန်းများပို့ချခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပခုက္ကူ၌ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

ပခုက္ကူ မေ ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၏ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၁၁-၂၀၁၂ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၉ ရက် နံနက် ၁၀နာရီက ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်နှင့် ပတ်သက်၍ ပခုက္ကူ မြို့နယ်စီမံကိန်းရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်လင်းဇော်က ရှင်းလင်းတင်ပြသည်။

တာဝန်ပေးအပ်

ထို့နောက် ပခုက္ကူမြို့နယ်၏ ၂၀၁၁-၂၀၁၂ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး **(အောက်ပုံ)**က ဌာနဆိုင်ရာ တာဝန်ရှိသူများသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၁၀၂)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့ -နံနက်+နေ့လယ်+ည)
၁၆-၅-၂၀၁၁

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် (မင်္ဂလသုတ်)
- ၇း၃၀ ဓမ္မပူဇာတေးပဒေသာ
- ၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရတေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၀း၄၅ လယ်ယာစီးပွား (ဈေးကွက်ဝင်ကွမ်းရွက်စိုက်ပျိုးပါ) တေးသီချင်း
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ မေတို့တွက်တာ အလှကမ္ဘာ (ဆံကေသာကျန်းမာရေးနှင့် အလှအပအကြောင်းသိကောင်းစရာ)
- ၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
- ၁၁း၄၀ တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
- ၁၂း၁၅ အလုပ်အကိုင်အခွင့်အလမ်း
- ၁၂း၂၀ တေးပဒေသာ
- ၁၂း၃၀ အားကစားသတင်းပဒေသာ
- ၁၂း၄၀ လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက်
- ၁၆း၁၀ ညနေခင်းတေးပဒေသာ
- ၁၆း၃၀ သောတရှင်လိုရာတေး
- ၁၇း၀၀ ထူးခြားထင်ရှား တစ်ပတ်အတွင်းသတင်းများ
- ၁၇း၁၀ သန့်စွမ်းကျန်းမာကိုယ်ခန္ဓာ (လူတိုင်းကျန်းမာရေး သတိပြုဆင်ခြင်စားသုံးပေး)
- ၁၇း၁၅ ဇာနည်စစ်သည်တေးပန်းချီ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ (၅၉)
- ၁၇း၄၅ ညနေခင်းသတင်းတေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း နိုင်ငံရေးဦးတည်ချက်
- ၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း စီးပွားရေးဦးတည်ချက်
- ၁၉း၁၀ တေးပဒေသာ
- ၁၉း၄၀ ရွှင်လန်းစေချင်သောတရှင်
- ၂၀း၀၀ ပြည်တွင်းသတင်း လူမှုရေးဦးတည်ချက်
- ၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (ရေကြည်ချမ်းမြတစ်ပေါက်ကျက)
- ၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။

ရှင်းလင်းတင်ပြ

ဆိပ်ဖြူမြို့နယ်ရှိ ရေစက်ရုံနှင့်ရေကန်များကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဧပြီ ၃၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်မြတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းထွန်းတို့ ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း တပ်ကုန်းမြို့နယ် ဖျိုင်းအင်းကျေးရွာအနီးရှိ နဝင်းချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးနှင့် စီမံကိန်းဒါရိုက်တာဦးတင်စိုးက ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖျိုင်းအင်းဘူတာအနီး၌ သံလမ်းလုပ်သားများ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဖျိုင်းအင်းဘူတာ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တပ်ကုန်းမြို့နယ် ပေတောကုန်းကျေးရွာအနီး ပေတောကုန်းဘူတာတည်ဆောက်နေမှု၊ ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းခင်းကျောက်များစုပုံထားရှိမှု၊ ကွန်ကရစ်ဇလီဖားတုံးများ စုပုံထားရှိမှုနှင့် သစ်သားဇလီဖားတုံးများ စုပုံထားရှိမှု၊ ဓမ္မပါလကျေးရွာအနီးရှိ ဆိုင်တဲချောင်းကို ဖြတ်သန်းပြီး အရှည် ၁၇၂ ပေရှိသည့် ဆိုင်တဲချောင်းတံတား တည်ဆောက်နေမှု၊ ရေဦးကျေးရွာအနီး ရေဦးဘူတာ တည်ဆောက်နေမှုနှင့် ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် ရန်အောင်ကျေးရွာအနီးရှိ ရန်အောင်ဘူတာသို့ ရောက်ရှိရာ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အင်ဂျင်နီယာက ပျော်ဘွယ်-နတ်မောက် ရထားလမ်းအပိုင်းလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

စက်ယန္တရား

ထို့နောက် နတ်မောက်မြို့အနီး ယင်းချောင်းကိုဖြတ်သန်းမည့် ယင်းချောင်းတံတား(နတ်မောက်) တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် မြေသားတာပေါင်များဆောင်ရွက်ပြီးစီးမှု၊ နတ်မောက်ဘူတာသစ် တည်ဆောက်မည့်မြေနေရာနှင့်ဘူတာယာဒ်ဝင်း မြေသားလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ခြင်းဖြင့် နေပြည်တော်နှင့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် မှတစ်ဆင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ တိုက်ရိုက်ဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

ယခုအခါ ဆင်သေ-ရေဦး ရထားလမ်းပိုင်း ၁၉ ဒသမ ၃၀ မိုင်ကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီးဦးတင်ဦးလွင် ၎င်း၏သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် မေ ၁၆

စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးလွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၁ခုနှစ် ဧပြီ ၂၈ရက်တွင် စင်ကာပူမြို့၌ စင်ကာပူသမ္မတနိုင်ငံ သမ္မတ မစ္စတာစဲလာပန် ရာမနာသန်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ တရုတ်တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ၊ စစ်သံမှူး Senior Colonel Xiong Shaowei နှင့် သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ယင်းမာပင်ရှိ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် မေ ၁၃ ရက် ညနေပိုင်းတွင် ၁၃၂ကေဗွီ ယင်းမာပင် ပင်မဓာတ်အားခွဲရုံ Control Building အဆောက်အအုံအတွင်း ဓာတ်အား လက်ခံပို့လွှတ်မှုနှင့် လိုင်းထိန်းသိမ်းမှု အခြေအနေတို့ကို လည်းကောင်း၊ Switch Yard အတွင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ၁၃၂ကေဗွီ ရေပေါင်းစုံ ပင်မဓာတ်အားခွဲရုံအတွင်း ဓာတ်အားလိုင်း အဝင်/အထွက် အခြေအနေ၊ တပ်ဆင်ဝန်အား၊ ၁၃၂/ ၃၃/၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် ဓာတ်အားဖြန့်ဖြူးမှု အခြေအနေ၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

အားတက်ဖွယ်ရာ မြင်ကွင်းတစ်ခုပင်ဖြစ်ခဲ့သည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးနှင့် ပတ်ဝန်းကျင် သဘာဝရှုမျှော်ခင်းများသည် ပန်းရလှသဖြင့် မျက်စိထဲက မထွက်နိုင်အောင် ဖြစ်ခဲ့ရသည်။

ထုတ်လုပ်ပေးနိုင်

ရဲရွာရေအားလျှပ်စစ်စီမံကိန်း အကောင်အထည် ဖော်မှုသည် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ၁၀နှစ်နီးပါး ကြာမြင့်ခဲ့ပြီး အမှတ်(၁) ဓာတ်အားပေးစက်ကို ၂၄-၂-၂၀၁၀ ရက်တွင် လည်းကောင်း၊ အမှတ်(၂) ဓာတ်အားပေးစက်ကို ၁၆-၇-၂၀၁၀ ရက်တွင် လည်းကောင်း၊ အမှတ်(၃) ဓာတ်အားပေးစက်ကို ၁၆-၁၀-၂၀၁၀ ရက်တွင် လည်းကောင်း၊ အမှတ်(၄) ဓာတ်အားပေးစက်ကို ၁၅-၁၂-၂၀၁၀ ရက်တွင် လည်းကောင်း စတင်လည်ပတ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ခဲ့သည်။

တည်ရှိ

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မန္တလေးမြို့၏ အရှေ့တောင်ဘက် (၃၁)မိုင်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်) ပေါ်တွင် တည်ရှိသည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် ထူးခြားချက်များစွာရှိသည့် စီမံကိန်းကြီး တစ်ခု ဖြစ်သည်။

တတိယအကြီးဆုံး

ရဲရွာ RCC ပင်မတမံသည် အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေ ရှိပြီး ကမ္ဘာ့အဆင့်မီ RCC ပင်မတမံကြီးများ စာရင်းဝင်ဖြစ်သည်။ တမံတစ်ခုလုံး၏ ကွန်ကရစ်ပမာဏသည် ကျင်းတစ်သန်းခန့်ရှိပြီး အဓိကကျသည့် ကျင်းပေါင်း ၈၇၃၀၀၀ကို RCC ဖြင့် သွန်းလောင်းခဲ့သည်။ RCC ကွန်ကရစ်တမံကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၅ ရက်အထိ နှစ်နှစ်နှင့် ၁၀ လကြာ ဆောင်ရွက်ခဲ့ရသည်။ ကမ္ဘာ့ RCC တမံကြီးများ၏ ၂၀၀၉ ခုနှစ် စာရင်းအရ ရဲရွာ RCC တမံသည် ကမ္ဘာပေါ်၌ ထုထည်အားဖြင့် တတိယအကြီးဆုံး၊ အမြင့်အားဖြင့် ပဋ္ဌမအမြင့်ဆုံးဖြစ်ပြီး RCC သွန်းလောင်းမှု အမြန်ဆုံး ကမ္ဘာ့အဆင့် (၉) ဖြစ်ကြောင်းသိရသည်။

တပ်ဆင်ထား

ရဲရွာရေအားလျှပ်စစ်စီမံကိန်းအတွက် အဓိကပစ္စည်းများအနေဖြင့် ဘိလပ်မြေတန်ချိန် ၅၆၉၄၀၀၊ ပိုဇိုလန်တန်ချိန် ၃၉၃၄၀၀၊ ခွဲကျောက်ကျင်း သန်းပေါင်း ၁ ဒသမ ၆၄၄ သန်း၊ သံချောင်း တန်ချိန် ၄၇၁၆၄ တန်၊ ဒီဇယ်ဆီဂါလန် သန်းပေါင်း ၁၄ သန်းခန့် သုံးစွဲခဲ့ရသည်။ စက်ယန္တရားကြီးများ အစီးရေ ၁၆၀ ခန့် ပါဝင်ဆောင်ရွက်ခဲ့ရသည်။ လျှပ်စစ်ဓာတ်အားပေး စက်တစ်လုံးစီ၏ လျှပ်စစ်စက်မှုဆိုင်ရာ အလေးချိန်သည် တန်ချိန် ၁၂၀၀ ခန့်ရှိ စက်ပစ္စည်းများ တပ်ဆင်ထားသည်။

အဓိကလမ်း

အလေးချိန်များပြားသည့် စက်ပစ္စည်းကိရိယာများ သယ်ယူရန်အတွက် ဒုဋ္ဌဝတီမြစ် (မြစ်ငယ်မြစ်) ကူး ကွန်ကရစ်တံတားတစ်ခု တည်ဆောက်ခဲ့ရသည်။ အဆိုပါတံတားသည် ခံနိုင်ဝန် တန် ၆၀၊ အရှည် ၇၀၇ ပေ၊ အကျယ် ပေ ၃၀ ရှိပြီး နယ်မြေ လမ်းပန်းဆက်သွယ်မှု အတွက် အဓိကအသုံးဝင်သည့် တံတားတစ်ခုအဖြစ် ကျန်ရှိခဲ့သည်။ စီမံကိန်းပစ္စည်းများ သယ်ယူရန်အတွက် ရွှေစာရံ-ရဲရွာ၊ ဘယ်လင်း-ရဲရွာစီမံကိန်း ချဉ်းကပ်လမ်း နှစ်ခုစုစုပေါင်း လမ်းအရှည် ၅၉ မိုင်ကို ဖောက်လုပ်အသုံးပြုခဲ့ရာ နယ်မြေလမ်းပန်းဆက်သွယ်မှု အတွက် အဓိကလမ်းနှစ်လမ်း ကျန်ရှိခဲ့သည်။

အခွင့်အလမ်းပေါ်ပေါက်

စီမံကိန်း၌ အသုံးပြုမည့် ပိုဇိုလန်ရရှိရေးအတွက် ပုပ္ပားဒေသ၌ တစ်နေ့လျှင် တန် ၁၅၀၀ ကျ ပိုဇိုလန်စက်ရုံတစ်ရုံ တည်ဆောက်ခဲ့ရာ ပုပ္ပားဒေသမှပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ရရှိစေခဲ့သည်။

ထုတ်လုပ်ပေး

ရဲရွာတမံသည် RCC ကွန်ကရစ်တမံအမျိုးအစားဖြစ်ပြီး ရေလွှဲဥမင်လိုဏ် နှစ်ခု၊ အချင်း ၃၃ ပေ၊ အလျား ၃၁၁၇ ပေ ပါဝင်သည်။ တမံအလျား ၂၂၆၄ ပေ၊ တမံအမြင့် ၄၃၃ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၁ ဒသမ ၁၄ သိန်း၊ ရေပိုလွှဲအကျယ် ၄၄၈ ပေ၊ ရေအားအမြင့် (Head) ၂၂၉ ပေ ဖြစ်ပြီး လျှပ်စစ်စက်တပ်ဆင်အား စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် စက်လေးလုံး ၇၉၀ မဂ္ဂါဝပ်တပ်ဆင်ထား၍ တစ်နှစ်လျှင် လျှပ်စစ်ကီလိုဝပ် နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းကြီး ဖြစ်သည်။

ဖြည့်ဆည်းပေး

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် သဘာဝပထဝီအနေအထားကောင်းမွန်မှု၊ ဒီဇိုင်းပုံစံဆန်းသစ်မှု၊ အသုံးပြုသော ပစ္စည်းများ အရည်အသွေးပြည့်မီမှု၊ တည်ဆောက်သည့် နည်းပညာမြင့်မားမှုနှင့် ပညာရှင်များ၊ ကာယ၊ ဉာဏ၊ ဝန်ထမ်းများ၏ ကြိုးပမ်းစွမ်းဆောင်မှုတို့ကြောင့် အံ့မခန်းဖွယ်ရာ ခံ့ညားထည်ဝါလှသော RCC ကွန်ကရစ်တမံနှင့် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီး ဖြစ်ထွန်းပေါ်ပေါက်လာခြင်းဖြစ်သည်။ နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသော ရဲရွာရေအားလျှပ်စစ် စက်ရုံကြီးသို့ ဘယ်နှကြိမ်ပင် ရောက်ရှိသည်ဖြစ်စေ မြင်ကွင်းများက အမြဲပင်ဆန်းသစ်နေမည်သာ ဖြစ်ပေသည်။

ဝိုင်းဝန်းထိန်းသိမ်း

ထူးခြားချက်များစွာဖြင့် နိုင်ငံ့ဂုဏ်ဆောင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော စီမံကိန်းဖြစ်ပြီး သန့်ရှင်းသပ်ရပ်သော စက်ရုံ၊ သန့်စင်သော စွမ်းအင် (Clean Energy) ထုတ်လုပ်သော ကမ္ဘာ့အဆင့်အတန်းမီ စက်ရုံကြီးတစ်ရုံအဖြစ် ရပ်တည်လျက်ရှိရာ နောင်အရှည်သဖြင့် တည်တံ့ခိုင်မြဲ၍ စက်စွမ်းအားပြည့် ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး အတွက် ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကဆုန်မိုး

၁၅-၅-၂၀၁၁

သပိတ်ကျင်းမြို့	၃ ဒသမ ၃၅ လက်မ
တောင်ကုတ်မြို့	၂ ဒသမ ၀၉ လက်မ
မြိတ်မြို့	၁ ဒသမ ၈၉ လက်မ
ရန်ကုန်(မင်္ဂလာဒုံ)	၀ ဒသမ ၈၁ လက်မ
ရန်ကုန်(မြို့လယ်)	၁ ဒသမ ၄၅ လက်မ
မှော်ဘီမြို့	၁ ဒသမ ၃၀ လက်မ
ကန့်ဘလူမြို့	၁ ဒသမ ၁၃ လက်မ
အောင်လံမြို့	၀ ဒသမ ၇၈ လက်မ

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် **Mr. Mohamed S. Abdel-Ahad** နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား စင်ကာပူနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်သည်များလာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၅

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua Hian Kong သည် မေ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ လူ့စွမ်းအားဖွံ့ဖြိုးမှုဆိုင်ရာ သင်တန်းကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံ

အလားတူ ပြည်ထောင်စုဝန်ကြီးအား ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed S. Abdel- Ahad နှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး မေခလာခန်းမသို့ လာရောက်တွေ့ဆုံ၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်မားရေး၊ ကျား၊ မ အခွင့်အရေး တန်းတူညီမျှမှု ရရှိရေး၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးကြသည်။

တင်ပြ

ထို့အတူ The Leprosy Mission International (Myanmar) TLMI (Myanmar) မှ ဌာနေကိုယ်စားလှယ် ဒေါက်တာ ဇော်မိုးအောင်နှင့် မသန်စွမ်း အကြံပေးပုဂ္ဂိုလ် Dr. Michael Paul Griffiths နှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံ၍ မသန်စွမ်းသူများနှင့် မသန်စွမ်းမှု ကိစ္စရပ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို တင်ပြဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၅

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung ဦးဆောင်သော အဖွဲ့သည် မေ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ဖွံ့ဖြိုးတိုးတက်ရေးကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထိုက်အား ဗီယက်နမ်ဆို ရှယ် လစ် သ မ္မ တ နိုင် ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung ဦးဆောင်သော အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပခုက္ကူစာပေဆု ချီးမြှင့်ပွဲကို ဂုဏ်ပြုပါသည်

ခင်မောင်ထွန်း(လမ်းမတော်)

မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရည်သန်၍ ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ "သိန်းတရာဆေးပေါင်းရုံ"ပိုင်ရှင် ဦးအုံးဖေက သူ၏ ကိုယ်ပိုင်ငွေမှ ငွေသား ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ အခမ်းအနားဖြင့် နိုင်ငံတော်သို့ ပထမအကြိမ်အဖြစ် လွှဲအပ်ခဲ့ရာမှ ပခုက္ကူ ဦးအုံးဖေ တည်ထောင်သော **"ပခုက္ကူ စာပေဆု"** ဟု အမည်တွင်ခဲ့ပါသည်။

တိုင်းရင်းသား လုပ်ငန်းရှင်များ၊ စေတနာရှင် အလှူရှင်များထဲမှ မြန်မာစာပေ တိုးတက်ရေးအတွက် ငွေလုံးငွေရင်းဖြင့် လှူဒါန်းခဲ့သော စာပေဆုများထဲတွင် **"ပခုက္ကူ စာပေဆု"**သည် နိုင်ငံတော်တွင် ပထမဦးဆုံး ပေါ်ပေါက်လာခဲ့သည့် စာပေဆုဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီက ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် စာပေရန်ပုံငွေ ကြီးကြပ်ရေးအဖွဲ့ စည်းမျဉ်းကို ဥပဒေပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ အလှူရှင် ဦးအုံးဖေ သဘောတူညီချက်ဖြင့် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းဆောင်ရွက်ခဲ့ပါသည်။

အလှူရှင်ဦးအုံးဖေ၏ အသက်သည် ပထမအကြိမ် စတင်လှူဒါန်းခဲ့သော ၁၉၉၂ ခုနှစ်တွင် ၇၆ နှစ်ဖြစ်ရာ စာပေရန်ပုံငွေကို ငွေကျပ် ၇၆ သိန်းနှင့် ဦးအုံးဖေ၏ မွေးသက္ကရာဇ် အထိမ်းအမှတ်အဖြစ် ၁၂၉၇ (မြန်မာသက္ကရာဇ် ၁၂၇၉)ပေါင်း၍ ကျပ် ၇၆ သိန်း ၁၂၇၉ ကျပ်ကို မြန်မာ့စီးပွားရေးဘဏ်၌ အပ်နှံလှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယအကြိမ်အဖြစ် ၂၂-၂-၂၀၀၃ ရက်နေ့တွင် ကျပ်သိန်း ၅၀ကို ထပ်မံလှူဒါန်းခဲ့ပါသည်။

ဦးအုံးဖေ၏ ဆန္ဒပြုချက်ဖြင့် ရေးဆွဲထားသော ရန်ပုံငွေစည်းမျဉ်းအရ ဘဏ်၌ အပ်နှံငွေမှ ရရှိလာမည့် အတိုးငွေ၏ ၆၀ ရာခိုင်နှုန်းကို ဆုချီးမြှင့်ပြီး ၃၀ ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ် ကျခံကာ ၁၀ ရာခိုင်နှုန်းကို ဆက်လက်စုဆောင်းငွေအဖြစ် ထားရှိခဲ့ပါသည်။

လှူဒါန်းမတည်ငွေ၏ အတိုးအညွှန့်ဖြင့် နှစ်စဉ်ချီးမြှင့်ခဲ့သည့် စာပေဆု ခေါင်းစဉ်များမှာ ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာပေဆု၊ သုတေသနစာပေဆု စသည့် ဘာသာရပ်အလိုက် စာမူများကို ဖိတ်ခေါ်ယှဉ်ပြိုင်စေပြီး ရွေးချယ်ချီးမြှင့်ခဲ့ပါသည်။

ကျန်တစ်ဆုဖြစ်သော **"တစ်သက်တာစာပေဆု"** ကိုမူ ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှပ်ရှပ်ချွံချွံ သယ်ပိုးထမ်းရွက်ခဲ့သူ စာပေလောကသားသက်ရှိ ပုဂ္ဂိုလ်များထဲမှ တစ်ဦးကို ရွေးချယ်ရေးအဖွဲ့က ရွေးချယ် ချီးမြှင့်ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် နှစ်စဉ် အခြေခံပညာ သင်ကြားနေသူ ကျောင်းသား ကျောင်းသူများထဲမှ **"မြန်မာစာအထူးပြု"** ဖြင့် တက္ကသိုလ်ပညာကို ဆက်လက်ပညာသင်ကြားမည့် ၁၀ တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးရရှိခဲ့သူ လေးဦးနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ အထူးချွန်ဆုံး ကျောင်းသား ကျောင်းသူ နှစ်ဦး၊ ၁၀ တန်းစာမေးပွဲတွင် ဘာသာရပ်တစ်ခုချင်းအလိုက် တစ်နိုင်ငံလုံး အမှတ်အများဆုံးဆု ရရှိသူ ကျောင်းသား ကျောင်းသူများအားလည်း ဆုချီးမြှင့်ရန်အတွက် **"တတိယအကြိမ်"** အဖြစ် အလှူရှင် ဦးအုံးဖေက ငွေကျပ် ၅၂ သိန်း ၁၂၇၉ ကျပ်ကို နိုင်ငံတော်သို့ ထပ်မံလှူဒါန်းခဲ့ပါသည်။ စာပေထူးချွန်ဆုများကို ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးက ပညာရှင်များပါဝင်သော **"ဆုရွေးချယ်ရေးအဖွဲ့"** များဖြင့် စိစစ်ရွေးချယ်ခဲ့သကဲ့သို့ ပညာရည်ချွန်ဆုများကို ပညာရေးဝန်ကြီးဌာနမှ ဖွဲ့စည်းထားသော ဆုရွေးချယ်ရေးအဖွဲ့များက နှစ်စဉ် ရွေးချယ်ပေးခဲ့ပါသည်။

အလှူရှင် ဦးအုံးဖေသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့နယ် ကင်းဂါတ်ကျေးရွာ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က အတန်းပညာကို မသင်ကြားနိုင်ခဲ့ဘဲ ပခုက္ကူမြို့နယ် စိုတွင်းကျေးရွာ မြောက်ကျောင်းဆရာတော် ဦးဇဝနထံတွင် ၁၅ နှစ်သားအထိ စာပေပညာသင်ကြားခဲ့သဖြင့် မြန်မာစာကို ရေးတတ်ဖတ်တတ်အထိ တတ်မြောက်ခဲ့သည်။ ထိုမှ ထမင်းကျွေးလုပ်သား၊ မြင်းစာကျွေးသော အလုပ်ကြမ်းသမား၊ ထမင်းကျွေး လစာမဲ့အလုပ်သမား၊ ကွမ်းယာရောင်းသူ၊ သစ်ဖောင်လုပ်သား စသည် စသည်ဖြင့် ဘဝကို ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ပခုက္ကူမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ဈေးကောက်၊ ပွဲစား၊ ဆေးရွက်ကြီး၊ ကုန်သည် စသည့်ဘဝများတွင် ကျင်လည်ခဲ့ရာမှ ၁၉၅၆ ခုနှစ်တွင် "သိန်းတရာဆေးပေါင်းရုံ" ပိုင်ရှင်ဖြစ်လာခဲ့သည်။

ဦးအုံးဖေသည် နေ့စဉ်မှတ်တမ်းကို တစ်ရက်မှ မပျက်စေဘဲ ရေးမှတ်ခဲ့သည်။ လက်လှမ်းမီရာ စာအုပ်စာပေများကို ဖတ်ရှုရင်းရရှိလာသော စာပေဗဟုသုတများဖြင့် ဘဝကို ကြံ့ကြံ့ခံ ရုန်းကန်လှုပ်ရှားခဲ့ရင်း တိုးတက်ကြီးပွားလာသူဖြစ်သည်။ ထို့ကြောင့် စာပေလောက တိုးတက်ရေးအတွက် ရည်စူးပြီး ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုများအတွက် ကိုယ်ပိုင်ငွေဖြင့် လှူဒါန်းခဲ့သကဲ့သို့ ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံကြီးကို လှူဒါန်းခြင်း၊ မီးဘေးကယ်ဆယ်ရေး ရန်ပုံငွေမတည် ထူထောင်ခဲ့ခြင်း၊ အနာကြီးရောဂါသည်များကို တစ်ဦးချင်း ထောက်ပံ့လှူဒါန်းခြင်း၊ သာသနာ့အနုဂ္ဂဟ ဆွမ်းလောင်းအသင်းသို့ မတည်လှူဒါန်းခြင်း၊ ခုတင် (၁၀၀)ဆံ့ ဆေးရုံကြီးဆောက်လုပ်ရန် မတည်ငွေ လှူဒါန်းခြင်း၊ ပခုက္ကူစာကြည့်တိုက်ကို အလှူငွေကျပ် သိန်း ၆၀ မတည်လှူဒါန်းခြင်း၊ ဦးအုံးဖေနေထိုင်ကြီးပြင်းခဲ့ရာ **"ထနောင်းကုန်းကျေးရွာ အသိပညာ စာကြည့်တိုက်"** ကို မတည်လှူဒါန်းခြင်း စသည်တို့ကို စဉ်ဆက်မပြတ် အလှူရေစက် လက်နှင့်မကွာဆိုသလို လှူဒါန်းခဲ့ပါသည်။

ဦးအုံးဖေသည် စာပေဖွံ့ဖြိုးတိုးတက်ရေးကို စိတ်အားထက်သန်သည်နှင့်အမျှ ကိုယ်တိုင်လည်း စာများ ရေးသားခဲ့သည်။ သူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိဆောင်းပါးများ၊ ဘဝကိုရုန်းကန်ရင်ဆိုင်ရင်း တွေ့ခဲ့ရသော ကိုယ်တွေ့ဆောင်းပါးများ စသည်တို့ကို မခြွင်းမချန် ပကတိအတိုင်းရေးသားပြီး စာဖတ်သူများကို အထူးဆွဲဆောင်သွားနိုင်သည့် စာရေးဆရာတစ်ဦးအဖြစ်လည်း တွေ့ရပါသည်။ စာပေကို လေ့လာဖတ်ရှုမှတ်သားရင်း၊ ဘဝကိုကြမ်းတမ်းစွာ ရုန်းကန်လှုပ်ရှားရင်း ဆေးပေါင်းရုံပိုင်ရှင်ဘဝ ရောက်လာသူ၊ ဘဝအတွေ့အကြုံများကို မချန်မလှပ်ဘဲ အရှိကိုအရှိအတိုင်း ရေးသားတင်ပြခဲ့သူ စာရေးဆရာကြီး ဦးအုံးဖေသည် ယခုအခါ ကွယ်လွန်သွားခဲ့ပါပြီ။

ဦးအုံးဖေတည်ထောင်ခဲ့သော **"ပခုက္ကူစာပေဆု"** ကို သူလှူဒါန်းခဲ့သော ရန်ပုံငွေများ၏ အတိုးအညွှန့် ၆၀ ရာခိုင်နှုန်းဖြင့် နှစ်စဉ်ကျင်းပခဲ့သော ဆုချီးမြှင့်ပွဲကြီးကို မေ ၁၆ ရက် **(ယနေ့)**တွင် သူ့ဇာတိဖြစ်သော ပခုက္ကူမြို့၌ ကျင်းပပါသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်ခဲ့သော **"ပခုက္ကူ စာပေဆု"** ကြီးသည် မကွေးတိုင်းဒေသကြီးနှင့် ပခုက္ကူမြို့ကို ဂုဏ်ဆောင်လျက်ရှိနေသကဲ့သို့ မြန်မာစာပေတိုးတက်ရေးအတွက် ရည်သန်ခဲ့သော ကွယ်လွန်သူ ဦးအုံးဖေ၏ ဆန္ဒအတိုင်း ဤဆုကြီး ရာသက်ပန်တည်တံ့နိုင်ရေးအတွက် စေတနာရှင်ပြည်သူများ စေတနာအလျောက် အလှူငွေများ ပံ့ပိုးလှူဒါန်းမှု ပြုလုပ်လျက်ရှိကြပါသည်။ ဆက်လက်ပြီး စေတနာအလျောက်လှူဒါန်းကြပါရန်နှင့် လှူဒါန်းမည်ဆိုပါက ရန်ပုံငွေ အတိုးအညွှန့်များဖြင့် ဆုများကိုတိုး၍ ပေးသွားနိုင်မည်ဖြစ်ပါသည်။ လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးချုပ် စာပေဗိမာန်အဆောက်အအုံ တတိယထပ် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၂၄၁၇ သို့ ဆက်သွယ်ပြီး လှူဒါန်းနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၆-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဘဝထဲမှာ ဓမ္မရှာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၃)
- ၈:၄၅ MRTV-4 နှစ်ပတ်လည် ဂုဏ်ပြု အစီအစဉ်
- ၉:၀၀ ထာဝရဂုဏ်ပုဇာမင်္ဂလာ [အထက(၁) ကျိုက်ထို]
- ၉:၁၅ Activities in The City (သန်လျင်မြို့နယ်၏ ပထမပြန် စာအောင်ဆုပေးပွဲနှင့်ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်း ဆုပေးပွဲ)
- ၉:၂၅ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
- ၁၀:၀၀ စာအုပ်ပြခန်း (သံတမန်သုံး အင်္ဂလိပ်စကား စာအုပ်ရေးသားသူ ဆရာ ရွှေမင်းဝန် ဦးဘုန်းမြင့်)
- ၁၀:၂၅ The Champion of Dance
- ၁၁:၀၀ Celebrity Choice (ဇော်ပိုင်)
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ငါးစလုံးကြော်နှင့် ဝက်သားပေါင်း)
- ၁၂:၃၀ သူတို့ဓလေ့နှင့် သူတို့အစဉ်အလာ (အုတ်ဖိုမြို့မှ အလှူတော်မင်္ဂလာ)
- ၁:၀၀ **ဘဝထဲမှာ ဓမ္မရှာ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ FMF Selection
- ၂:၅၅ Activities in The City (မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးပစ္စည်း ပြပွဲ-၂၀၁၁) (နန်းတော်ကြီး တိုင်းရင်းဆေး)
- ၃:၀၅ နေပြည်တော်သို့ တစ်ခေါက် Mr. Waffle သို့ အရောက်
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၃)
- ၄:၅၀ ဂီတနက်သန် ကိုစောညိန်းသို့ ဂုဏ်ပြုခြင်းအမှတ်တရ တေးသီချင်းများ (အပိုင်း-၅)
- ၅:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၅ လမြတ်ကဆုန်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Sunday Talk [မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၆)
- ၇:၃၅ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း **ပြဿနာရှာတာ ကောင်းတယ်၊ ပြဿနာမရှာတာ ကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၄)
- ၁၀:၁၅ အနုပညာမိုးကောင်းကင်
- ၁၀:၃၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁၁:၁၀ International Show Biz
- ၁၁:၂၅ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aurium Palace အသွင်သဏ္ဌာန်
- ၁၁:၅၀ ဈေးဝယ်လမ်းညွှန် (Diamond City Jewellery)
- ၁၂:၁၀ နွေမိုးဆောင်း ဥတုသုံးမျိုး၏ လက်တွဲဖော်မွှန်
- ၁၂:၂၅ အများမြင်စရာ နှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသား ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၃)
- ၁:၀၅ အလင်းတန်းများဖြာလျက် တောက်ပနေသော စွဲမက်စရာ စိန်ရတနာ
- ၁:၃၀ လှပချစ်စရာ လက်မှုအနုပညာ (Love Flower)
- ၁:၅၀ **အသက်ကယ်တဲ့ရှည်စေလို** မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၂:၀၅ Shooting Location (မစန္ဒာအိမ်)
- ၂:၂၀ တောင်ပေါ်ကမ္ဘာမှ အပန်းဖြေနားခိုရာများ
- ၂:၃၅ ဆင်လိမ္မာတို့နားခိုရာ မြိုင်ပောဝန်စခန်းမှာ
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ သီးနှံစိုက်ပျိုး အထွက်တိုး **ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ**
- ၄:၁၀ စဉ်ဆက်မပြတ် ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ
- ၄:၂၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
- ၄:၃၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၄:၅၀ ရင်သပ်ရှုမောဖွယ်ရာ… အံ့သြသင့်ဖွယ်ရာ… စိတ်၏ ငြိမ်းချမ်းမှုများ ပေါင်းစုံရာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရခိုင်ပြည်နယ် ဆက်သွယ်ရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၁၂ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာရုံးနှင့် ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်း၏ ကြေးနန်းပေးပို့လက်ခံရယူမှု၊ တယ်လီဖုန်းဆက်သွယ်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေး TOWER အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း စစ်တွေစာတိုက်ကြီးသို့ လည်းကောင်း၊ မြန်မာ့ရုပ်မြင်သံကြား စစ်တွေထပ်ဆင့်လွှင့်စက်ရုံသို့ လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဝက်နားရွက်ပြာရောဂါ ကြိုတင်ကာကွယ်ရေး တောင်ကြီး၌ ဟောပြော

တောင်ကြီး မေ ၁၅

တောင်ကြီးမြို့နှင့် ဆင်ခြေဖုံးတစ်ဝိုက်ရှိ ဝက်မွေးမြူသူများအား ဝက်နားရွက်ပြာရောဂါ မဖြစ်စေရန် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို မေ ၁၀ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝင်းမြင့်၊ ခရိုင်ဦးစီးမှူး ဒေါက်တာ နေလင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ သက်နိုင်မိုးနှင့် ဒေါက်တာ အမ်ဇော်မိုင်၊ ဒေါက်တာ အောင်မင်းထွန်းတို့က ဝက်နားရွက်ပြာရောဂါ မဖြစ်စေရေး ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရောဂါနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(ပြည်နယ် မွေး/ကုဦးစီးဌာန)

မြဝတီရုပ်မြင်သံကြား

၁၆-၅-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာ့ရှုခင်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	မျိုးချစ်တပ်မတော်
၄:၁၅	၆။	စိုက်ပျိုးသုတ
၄:၃၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅	၈။	ဗွီစီဒီကျော်ကြားတေး
၄:၅၅	၉။	သတိနှင့် တိုးမည့်ပိုးဖလံများ
၅:၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင့်ပြင်** (အပိုင်း-၁)
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း -၂၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေးသုံးပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	**Talk Of The Town**
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၁၃)
	၂၆။	**Mini Series**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

ဖိတ်ခေါ် အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ မော်လမြိုင်၌ ကျင်းပ

မော်လမြိုင် မေ ၁၅

မွန်ပြည်နယ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ဖိတ်ခေါ်အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို မေ ၅ ရက်က မော်လမြိုင်မြို့ မြိုင်ရတနာ လေးထပ်ဈေးဝင်း MYC ခန်းမဘေးရှိ မြေကွက်လပ်၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးနေဝင်းက အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဖိတ်ခေါ်အလွတ်တန်းပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မွန်ပြည်နယ် ၁၀ မြို့နယ်မှ အသင်း ၂၈သင်း ပြိုင်ပွဲဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် အား/ကာ)

တန့်ဆည်မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၃ ရက်က ရန်ကုန်မြို့ ဗဟန်း(၃)လမ်းရှိ အသင်းတိုက်၌ ကျင်းပရာ သက်ကြီးအဘိုးအဘွားများအား ကန်တော့ပစ္စည်း၊ ကန်တော့ငွေတို့ဖြင့် လှူဒါန်းပူဇော်ကြပြီး အသင်းဥက္ကဋ္ဌ ဦးချစ်မွေးက ကျေးဇူးတင်စကားပြောကြားစဉ်။ (၁၃၅)

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ပင်းတယမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၁ရက်က အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဆွေတို့ ကြီးကြပ်လျက် ဇာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ အဏ္ဏဝါလွှမ်းကုမ္ပဏီပိုင် ရတနာစက်သုံးဆီအရောင်းဆိုင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်းသရုပ်ပြပွဲကို မေ ၅ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးဝင်းအတွင်း၌ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုးကျော်နှင့် တပ်ဖွဲ့ဝင်များ၊ စက်သုံးဆီ အရောင်းမန်နေဂျာ ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ ဘူးသီးတောင်မြို့နယ် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို မေ ၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောဝေ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သိန်းနီမြို့နယ် မြို့မဈေးတွင် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မေ ၇ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ဇာတ်တိုက်လေ့ကျင့်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ငပုတောမြို့နယ် မြို့မဈေးအတွင်း ဈေးသူ ဈေးသားများ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေ ၂ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်အေးထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

အီတလီစီးရီးအေပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် ဖီအိုရင်းတီးနားနှင့်ဘိုလော့နာ သရေကျ

မောင်ချစ်ကြည် - ရေးသားသည်

လန်ဒန် မေ ၁၅

အီတလီစီးရီးအေပွဲစဉ်(၃၇)ကို မေ ၁၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဖီအိုရင်းတီးနားနှင့်ဘိုလော့နာတို့ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ အေစီမီလန်နှင့် ကာဂလီရာရီအသင်းတို့ပွဲတွင် အေစီမီလန်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဖွင့်ဂိုး

ဖီအိုရင်းတီးနားနှင့်ဘိုလော့နာ **(အပေါ်ပုံ)**တို့ပွဲတွင် အိမ်ရှင်ဖီအိုရင်းတီးနားတို့က ပွဲချိန် ၁၉ မိနစ်၌ပင် ဆာစီက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၄၉ မိနစ်၌ ရာမီရက်ဇ်က ချေပဂိုး ပြန်သွင်းနိုင်ခဲ့ပြီး ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ယခုပွဲတွင် ဖီအိုရင်းတီးနားမှ ကရိုလ်ဒက် အနီကတ်ပြအထုတ်ခံရသလို ဘိုလော့နာအသင်းမှ ရာမီရက်ဇ်လည်း ၇၉ မိနစ်၌ အနီကတ်ပြ အထုတ်ခံခဲ့ရသည်။

အေစီမီလန်နှင့် ကာဂလီရာရီတို့ပွဲတွင် အေစီမီလန်အတွက် ရော်ဘင်ဟိုက နှစ်ဂိုး၊ ဂတ်တူဆိုက တစ်ဂိုးနှင့် ဆီးဒေါ့ဖ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ ကာဂလီရာရီအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၃၈ မိနစ်၌ ကော့စ်စူက သွင်းယူပေးခဲ့သည်။

ထို့အတူ လာဇီယိုနှင့်ဂျီနိုအာတို့ပွဲတွင် လာဇီယိုက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လာဇီယိုအတွက်ဂိုးများကို ဘီရာဇာနှင့်ရို့ချီတို့က တစ်ဂိုးစီသွင်းယူပြီး ဟာနာနက်စ်က တစ်ဦးတည်း နှစ်ဂိုးသွင်းယူခဲ့သည်။ ဂျီနိုအာအတွက် ချေပဂိုးနှစ်ဂိုးကို ပါလာစီရိုနှင့် ဖလိုးရက်စ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ဝှေ့တံခွန်စိုက် ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၅

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့တံခွန်စိုက် ဗိုလ်လုပွဲများနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းနှင့် ကန်တော်ကြီးပတ်လမ်းထောင့်ရှိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်စွဲ

အမျိုးသားသက်ငယ်တန်း (၄၆)ကီလိုတန်းပြိုင်ပွဲတွင် ရဲမင်းဦး (ဧရာဝတီတိုင်းဒေသကြီး)က ဘော်ဇာ (စစ်ကိုင်းတိုင်းဒေသကြီး)အား (၄-၁)အမှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသမီး (၄၅)ကီလိုတန်းပြိုင်ပွဲတွင် မေချစ်ဦး (ပဲခူးတိုင်းဒေသကြီး)က သီတာဝင်း (စစ်ကိုင်းတိုင်းဒေသကြီး)အား (၄-၁)အမှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။

အမျိုးသား(၅၆)ကီလိုတန်းပြိုင်ပွဲတွင် နိုင်လင်းအောင် (စစ်ကိုင်းတိုင်းဒေသကြီး)က သက်ထွန်းအောင် (ဧရာဝတီတိုင်းဒေသကြီး)အား (၄-၁) အမှတ်ဖြင့်နိုင်ပြီး ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အမှုဆောင် ဦးမင်းဟန်က အမျိုးသား သက်ငယ်တန်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ ရဲမင်းဦး (ဧရာဝတီတိုင်းဒေသကြီး)အား လည်းကောင်း၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က အမျိုးသမီးပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ စုလှိုင်နှင်း (မန္တလေးတိုင်းဒေသကြီး) အားလည်းကောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်ဝင်းက အမျိုးသားပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရ နိုင်လင်းအောင်(စစ်ကိုင်းတိုင်းဒေသကြီး)အားလည်းကောင်း အကောင်းဆုံးအားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တံခွန်စိုက်ဒိုင်းဆု

ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက အမျိုးသားသက်ငယ်တန်းပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်က အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ မန္တလေးတိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အမျိုးသားပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းဒေသကြီး အသင်းအားလည်းကောင်း ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးမြင့်ကြူ (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့တံခွန်စိုက်ဒိုင်းဆု ရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

တံခွန်စိုက်ဒိုင်းဆုရရှိ

ထို့နောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အမျိုးသား သက်ငယ်တန်းပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသားပြိုင်ပွဲများ၏ ၂၀၁၁ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့တံခွန်စိုက်ဒိုင်းဆုကြီးကို ရရှိသွားသော မန္တလေးတိုင်းဒေသကြီး လက်ဝှေ့အသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ နိုင်ငံတကာ ဂီတ

မြင့်မောင်စိုး ◆ ရေးသားသည်

ရိုးရာဂီတကဗျာဆိုဒ်ရှင်များ ★ Classic Brit Award ဆုချီးမြှင့်ပွဲ ☆

လန်ဒန် မေ ၁၅

လန်ဒန်မြို့ တော်ဝင်အယ်လ်ဘတ်ခန်းမကြီးမှာ မေ ၁၃ ရက်က ကျင်းပခဲ့တဲ့ Classic Brit Award ဆုပေးပွဲမှာ တယောပါရမီရှင်သုံးဦးက ဆုတွေယူသွားခဲ့ကြပါတယ်။

ဂီတမှူး ပက်ပနို။

ဒီဆုကိုတော့ နှစ်စဉ် မေလ ရောက်တိုင်း လန်ဒန်မြို့မှာရှိတဲ့ တော်ဝင် အယ်လ်ဘတ်ခန်းမကြီးမှာ ဗြိတိသျှဓာတ်ပုံလုပ်ငန်းက ကြီးမှူးပြီး ကျင်းပတာဖြစ်ပါတယ်။ ဆုတွေကိုတော့ ဂီတပညာရှင်တွေ၊ တေးထုတ်လုပ်သူတွေနဲ့ တီးဝိုင်းခေါင်းဆောင်တွေက ဆန္ဒမဲပေး ရွေးချယ်ကြပါတယ်။ ဒီထဲမှ အကောင်းဆုံး ဂီတအနုပညာရှင်တွေကို ဆုချီးမြှင့်ခြင်းဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံမှ တယောဂီတပညာရှင် တက်စ်မင်းလစ်တဲလ်က တေးအယ်လ်ဘမ်တစ်ခုလုံး တယောနဲ့ သီဆိုထားတဲ့ Elgar အမည်ရှိ တေးအယ်လ်ဘမ်နဲ့ ဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ တယောနဲ့ ပတ်သက်ပြီး ပြောင်မြောက်စွာ သီဆိုနိုင်ခဲ့တဲ့ အဝက်ဒီဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

အဆိုတော်တက်စ်မင်းလစ်တဲလ်။

နော်ဝေနိုင်ငံမှ အဆိုတော် ဗယ်ဒီဖရန်းဆိုသူကတော့ လူသစ်တန်းတေးဂီတပညာရှင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒတ်ချ် တယောပညာရှင် အင်ဒရီယူးကတော့ ဂျိုဟန်စထရပ်တီးဝိုင်းနဲ့ တွဲဖက် အသံသွင်းခဲ့ပြီး Moonlight-Serenade လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်နဲ့ အကောင်းဆုံး တေးအယ်လ်ဘမ်ဆု ဆွတ်ခူးရရှိသွားခဲ့ပါတယ်။

အကောင်းဆုံး

အမျိုးသားဂီတပညာရှင်ဆု

အကောင်းဆုံး အမျိုးသားဂီတပညာရှင်ဆုကိုတော့ ဗြိတိသျှဂီတမှူး



တေးရေးဆရာ အာဗိုပတ်။

အန်တိုနီယို ပက်ပနိုက ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ ပက်ပနိုဟာ တော်ဝင် အော်ပရာဟောက်စ်ရဲ့ ဂီတညွှန်ကြားရေးမှူးဖြစ်ပြီး Critics Award ဆုအတွက် ပဏာမ ရွေးချယ်ခံခဲ့ရသူလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်က ဒီဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီဆုဟာ ဂီတဝေဖန်ရေး ဆုဆိုရင်လည်း မမှားနိုင်ပါဘူး။



အေလီဆင်ဘယ်ဆမ်။

အကောင်းဆုံး

တေးရေးဆရာဆု

အကောင်းဆုံး တေးရေးဆရာဆုကိုတော့ အက်စ်တိုနီးယားနိုင်ငံမှ အာဗိုပတ်ဆိုသူက ဆွတ်ခူးသွားခဲ့တာပါ။ ဆယ်စုနှစ်အတွင်း အကောင်းဆုံး ဂီတပညာရှင်ဆုကိုတော့ အဆိုတော် II ဒီဗို ဆိုသူက ဆွတ်ခူးနိုင်ခဲ့ပါတယ်။

အကောင်းဆုံး

အမျိုးသမီးဂီတဆု

အကောင်းဆုံး အမျိုးသမီးဂီတဆုကိုတော့ ထရမ်းပတ်တီးမှုတ်သူ အေလီဆင်ဘယ်ဆမ်က ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူမဟာ ဂျာမနီ တယောပညာရှင် အန်နီဆိုဖီမတ္တာနှင့် အပြိုင်ဖြစ်ပြီးမှ အကောင်းဆုံး ဂီတပညာရှင်ဆုကို ရခဲ့တာဖြစ်ပါတယ်။

ဂီတ ထူးချွန်ဆု

ဂျိမ်း(စ်)ဘွန်း ဇာတ်ကား ၁၀၀ ကျော်အတွက် သီချင်းများရေးသားပေးခဲ့တဲ့ ဂျွန်ဘာရီကတော့ အကောင်းဆုံး ဂီတထူးချွန်ဆု ရရှိခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ကွယ်လွန်ခဲ့ပြီဖြစ်လို့ ဇနီးဖြစ်သူ ဒိန်းရှယ်ယာလေဘက်ဆေးက ဆုတက်ရောက် လက်ခံခဲ့ပါတယ်လို့ တင်ပြရင်း Classic Brit Award ဆုအကြောင်း တစေ့တစောင်း ရေးသား ဖော်ပြလိုက်ရပါတယ်။ ။
(အင်တာနက်)

နော်ဝေအဆိုတော် ဗယ်ဒီဖရန်း။

ဒီဆုဟာ လွန်ခဲ့တဲ့ ၂၀၀၀ ပြည့်နှစ်လောက်ကစပြီး ဥရောပတစ်ဝန်း ရိုးရာသီချင်းတွေရေးသား သီဆိုဖျော်ဖြေတီးမှုတ်ကြတဲ့ ဂီတပညာရှင်တွေအနက်မှ အထူးချွန်ဆုံး သီဆို ဖျော်ဖြေနိုင်ကြသူတွေကို ချီးမြှင့်တဲ့ဆု ဖြစ်ပါတယ်။

တွေ့ဆုံ

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် (၁၂၃)ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့်ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်းအလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျမြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း (၈၉၂)ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများ ပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့် နေရာဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ
၃၂-ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၁၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ
မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

Mother's Choice မှ အမေများနေ့ကျင်းပ

ရန်ကုန် မေ ၁၅

Mother's Choice မှ အဓိက ကူညီပံ့ပိုးသူအဖြစ် ကြီးမှူးကျင်းပခဲ့သည့် အမေများနေ့အထိမ်းအမှတ် မိခင်များအားဂုဏ်ပြုပွဲနှင့် မိခင်မေတ္တာကို ဖော်ညွှန်းသော အခြေခံကျတဲ့ စာမျက်နှာတစ်ရပ် ဆောင်းပါးစာမူပြိုင်ပွဲ ဆုရသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို မေ ၈ရက်က ရန်ကုန်မြို့ အနော်ရထာလမ်းရှိ Junction Centre (မော်တင်)၌ကျင်းပရာ **(အပေါ်ပုံ)** ရှေးဦးစွာ Mother's Choice မှ General Manager ဦးအယ်(လ်)လမိန်းဒိန်က အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဆောင်းပါးစာမူပြိုင်ပွဲတွင် ဆုရသူများဖြစ်ကြသည့် ပင်မြင့်စံ (ရွှေဘို)၊ ဆဲလ်ကျော့ခိုင်နှင့် ခေတ်သွေးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုချီးမြှင့်သည်။ဆက်လက်၍ Mother's Choice က နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အမေအိုများအား ခေါင်းလျှော်ပေးခြင်း၊ ဆံပင်ညှပ်ပေးခြင်း၊ ပြုပြင်ပေးခြင်းများကို ပြုလုပ်ပေးခဲ့ကြသည်။

မေးမြန်းနိုင်

Grand Wynn Group of Companies မှ Mother's Choice အမှတ်တံဆိပ် Margarine & Cheese Slide နှင့် မုန့်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများအား ကိုယ်စားလှယ်ရယူလိုသည့် ကိုယ်စားလှယ်ကြီးများနှင့် မုန့်လုပ်ငန်းရှင်များအနေဖြင့် အမှတ်(၄၀) ၆၇လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၄၀၄၅၊ ၂၉၄၀၀၂နှင့် ၂၉၀၁၇၀ တို့ထံသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းနှင့် ၂၀၁၂ခုနှစ် အမေများနေ့တွင်လည်း မိခင်များကို ဂုဏ်ပြုသောအားဖြင့် မိခင်၏ကျေးဇူးနှင့်မေတ္တာကို ရသပေါ်လွင်အောင်ရေးသားနိုင်သော ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် မေ ၁၃ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၇ ရက်က ဇလွန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သာယာလှပရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ဇော်ဝင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကြည်ဇာလင်းနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းကြစဉ်။ (မြို့နယ်စည်ပင်)

မူကြိုကျောင်းဖွင့်ပွဲနှင့်အလှူငွေပေးအပ်ပွဲ ချင်းရွှေဟော်၌ ကျင်းပ

ချင်းရွှေဟော် မေ ၁၅

ချင်းရွှေဟော်မြို့၌ မူကြိုကျောင်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို အဆိုပါမူကြိုကျောင်းရှေ့၌ မေ ၈ရက် နံနက် ၁၀နာရီက ကျင်းပရာ လောက်ကိုင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နင်းသန္တာဦးနှင့် ချင်းရွှေဟော်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ချိုသိန်းတို့က မူကြိုကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ချင်းရွှေဟော်မြို့ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက လှူဒါန်းသော ငွေကျပ် ၃၅သိန်းကို ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်ချင်းရွှေဟော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပင်းတယမြို့၌ ပညာပေးဟောပြော

ပင်းတယ မေ ၁၅

ပင်းတယမြို့နယ်အတွင်း ယာဉ်မတော်တဆမှု လျော့နည်းကျဆင်းပပျောက်စေရေးအတွက် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဧပြီ ၃၀ ရက်က ပင်းတယမြို့ ကျုံးကျေးရွာအုပ်စု ကျုံးအခြေခံပညာ အထက်တန်းကျောင်း (ခွဲ)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲမှူး မြင့်ဆွေနှင့် တောင်ကြီးမြို့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူးကျော်ဇေယျတို့က ဆိုင်ကယ်စီးသူများ၊ ထော်လာဂျီပိုင်ရှင်များနှင့် ကျုံးကျေးရွာရှိ ပြည်သူများအား ယာဉ်မတော်တဆဖြစ်ရခြင်း အကြောင်းအရင်းများ၊ ယာဉ်မောင်းသူများလိုက်နာရမည့် စည်းကမ်းချက်များနှင့် လမ်းညွှန်အမှတ်အသားများ အကြောင်းကို လက်ကမ်းစာစောင်များဖြင့် ဖြန့်ဝေပြီး ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရေနုတ်မြောင်းများပိတ်ဆို့မှု ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား-

သာကေတမြို့နယ် ၁၀/တောင် ၁၂ ရပ်ကွက် ဇေယျဝတီ ၄ လမ်းရှိ နေအိမ်တချို့သည် မြေပိုယူပြီး လမ်းပေါ်အထိ ခြံစည်းရိုးခတ်ခြင်း၊ လမ်းမကြီးပေါ်၌ အဖီများချထားခြင်းတို့ကြောင့် ရေနုတ်မြောင်းများ ပိတ်ဆို့လျက်ရှိရာ ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးအတွက် စိုးရိမ်သူ

ဝက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီးဘေး အေးသာယာရပ်ကွက် အမှတ်(၄) လမ်းဘေးရှိ အိမ်တစ်အိမ်သည် ဝက်များကို စီးပွားဖြစ်မွေးမြူလျက်ရှိရာ ဝက်ချေးနံ့နှင့် အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ကားများ ကားကွင်းတွင် ရပ်နားစေလို

စာတည်းရှင့်-

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ၈၂လမ်း (လမ်းသစ်) ၂၂×၂၄လမ်းကြားတွင် ခရီးသည်တင်ကားနှင့်ကုန်တင်ကားကြီးများသည် ကားရပ်နားကွင်းမဟုတ်ဘဲ ခရီးသည်များနှင့် ကုန်များအတင်အချပြုလုပ်နေလျက်ရှိရာ လမ်းပျက်စီးသည့်အပြင် ကုန်တင်ကုန်ချသူများ၏ ဆူညံသံများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါကားများကို ရပ်နားကွင်း၌ရပ်နားစေရေး ကြပ်မတ်ပေးပါရန်တင်ပြအပ်ပါသည်။

လမ်းသားများ

ရေမြောင်းအတွင်းအမှိုက်များစွန့်ပစ်မှု တားမြစ်ပေးပါ

စာတည်းရှင့်-

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် ဗဟိုလမ်းပေါ်ရှိ အဓိကရေစီးမြောင်းကြီးအတွင်းသို့ အမှိုက်များကို စည်းကမ်းမဲ့စွန့်ပစ်လျက်ရှိရာ ရေမြောင်းကြီးတိမ်ကောပြီး ရေစီးဆင်းမှုမရှိတော့သဖြင့် ရပ်ကွက်အတွင်း နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

စမ်းချောင်းရပ်ကွက်သူများ

သစ်အရောင်းဆိုင်ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်

၉-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ဖျာပုံမြို့ (၈)ရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်နီလာလမ်းထောင့်ရှိ သစ်အရောင်းဆိုင်မှ မီးစက်သံ၊ သစ်ခွဲသံနှင့် ရွှေပေါ်ထိုးသံများဆူညံကာ ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ရပ်ကွက်အတွင်းမှအမှိုက်ပုံ ရှင်းလင်းဆောင်ရွက်ပြီး

၂၅-၄-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၀) ည-ရပ်ကွက် နဝရတ်လမ်းနှင့် သီဂီလမ်းကြားရှိ အမှိုက်ပုံရှင်းလင်းပေးစေလို** ပေးစာနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေး၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာ ကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်း သွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်း

နေပြည်တော်နှင့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်မှတစ်ဆင့် ကယားပြည်နယ် လွိုင်ကော်မြို့သို့ တိုက်ရိုက်သွားလာနိုင်မည်

နေပြည်တော် မေ ၁၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် မေ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအနီးရှိ နဝင်းချောင်းတံတား တည်ဆောက်သည့်မြေနေရာသို့ ရောက်ရှိပြီး တံတားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗျိုင်းအင်းကျေးရွာအနီးရှိ ဗျိုင်းအင်းဘူတာ၌ နေပြည်တော် - ဆင်သေ (တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ဆင်သေ-ရေဦး ရထားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို *စာမျက်နှာ ၈ ကော်လံ ၁* ❖

ထူးခြားသည့် နေ့အပူချိန်များ
၁၅-၅-၂၀၁၁

ချောက်မြို့	၄၅ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၁ ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၁ ဒီဂရီစင်တီဂရိတ်
မင်းဘူးမြို့	၄၀ ဒီဂရီစင်တီဂရိတ်
ပေါက်မြို့	၄၀ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၀ ဒီဂရီစင်တီဂရိတ်

ရန်ကုန်တိုင်းဒေသကြီး ခရိုင်(၄)ခရိုင်၌ မိုးဦးကျကာလ လျှပ်စစ်အန္တရာယ်မဖြစ်ပွားရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးအတွက် ဓာတ်အားလိုင်း ကြံ့ခိုင်ရေးဆောင်ရွက်

ရန်ကုန် မေ ၁၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ မိုးဦးကျကာလ လျှပ်စစ်အန္တရာယ်မဖြစ်ပွားစေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းရေးနှင့် Unit Losses ကျဆင်းရေးတို့အတွက် ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းရေးလုပ်ငန်းစီမံချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ မေ ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်း ဘုရင့်နောင်လမ်းပေါ်၌ ၆၆ ကေဗွီ ဘုရင့်နောင်-ရွာမဓာတ်အားလိုင်း၊ ခရေပင်လမ်းပေါ်ရှိ ၃၃ ကေဗွီ လှော်ကား-ရွှေလင်ပန်းဓာတ်အားလိုင်း၊ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်အတွင်းရှိ မြောက်မြင်းပြိုင်ကွင်းလမ်း+စက်မှု(၁) လမ်းပေါ်မှ ၃၃ကေဗွီ ကျိုက္ကဆံ-ကုက္ကိုင်းဓာတ်အားလိုင်းနှင့် အရှေ့ပိုင်းခရိုင်အတွင်း မြို့နယ်အသီးသီးရှိ ဓာတ်အားလိုင်းများ၌ သက်ဆိုင်ရာခရိုင် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများက ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြသည်။ **(ဝဲပုံ)**
စာမျက်နှာ ၃ ကော်လံ ၁ ✳